ရန်အောင်
စာပေ
မြန်မာ
သင်ပုန်းကြီးအခြေပြု
ဦးညွန့်မောင်
(UCL)


မြန်မာ
သင်ပုန်းကြီးအခြေပြု
ဦးညွန့်မောင်
(UCL)

မြန်မာသင်ပုန်းကြီးအခြေပြု

ဦးညွန့်မောင် (UCL)

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ - ၅၀၀

❒

မျက်နှာဖုံးဒီဇိုင်း

ဝင်းငွေ

❒

ကွန်ပျူတာစာစီနှင့် အတွင်းဖလင်

Dream City, 09 730 52433

❒

ထုတ်ဝေသူ

ဦးလှတိုး (မြဲ-၀၃၇၇၂)၊ ရန်အောင်စာပေ
တိုက် ၁၇၊ အခန်း ၂၃၊ ရွှေအုန်းပင်အိမ်ရာ၊
အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

❒

အတွင်းနှင့် အဖုံးပုံနှိပ်သူ

ဒေါ်ကျင်ယုံ (မြဲ-၀၅၃၃၂)၊ ကောင်းစံပုံနှိပ်တိုက်
အမှတ် ၂၇၉၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❒

တန်ဖိုး - ၁၀၀၀ ကျပ်

❒

စာအုပ်ချုပ် - ဖူးပွင့်မွေး

ထုတ်ဝေသည့် ကက်သလောက်အညွှန်း (CIP)

၈၉၅.၈၈

ဦးညွန့်မောင် (UCL)

မြန်မာသင်ပုန်းကြီးအခြေပြု / ဦးညွန့်မောင် (UCL)။ - ရန်ကုန်
ရန်အောင်စာပေ၊ ၂၀၁၃။

၉၀ စာ၊ ၃၀ x ၂၀ စင်တီ။

(၁) မြန်မာသင်ပုန်းကြီးအခြေပြု

မာတိကာ

- ကန်တော့ပန်း ... က
- ဒေါက်တာတိုးလှ၏ အမှာစာ ... ဂ

၁။ မြန်မာသင်ပုန်းကြီးလာ အက္ခရာဝဏ္ဏများ ... ၁
၂။ သရနှင့် ဗျည်းခြားနားမှု ... ၇
၃။ သရနှင့် ဗျည်းတို့၏ ရွတ်ဆိုချိန်ကြာမြင့်ကာလ ... ၈
၄။ မြန်မာဘာသာသရနှင့် ဗျည်းတို့ကို ဇယားဖြင့်ပြခြင်း ... ၉
၅။ မြန်မာသင်ပုန်းကြီးလာ သံယုတ်ဗျည်းလေးမျိုး ... ၁၂
၆။ မြန်မာသင်ပုန်းကြီးနှင့်စပ်၍ ဝဇီရဗုဒ္ဓိဦးဖိုးစိန်၏ အဆို ... ၁၇
၇။ မြန်မာသင်ပုန်းကြီးနှင့် စပ်၍ ပုဂံဝန်ထောက်ဦးတင်၏ အဆို ... ၁၉
၈။ အသတ် (၁၁) ပါး ... ၂၂
၉။ မြန်မာဘာသာ လုံးဆင့်ဗျည်းများ ... ၂၄
၁၀။ လုံးဆင့်စည်းကမ်းနှင့် အက္ခရာအဖိုအမခွဲပုံ ... ၂၉
၁၁။ အဝဂ်ဗျည်း (၁၀) လုံးတို့၏ လုံးဆင့်စည်းကမ်း ... ၃၀
၁၂။ မြန်မာဘာသာ ဗျည်းအထူးနှင့် သရတွဲပုံများ ... ၃၂
၁၃။ ရှေးခေတ်သုံး မြန်မာဘာသာဗျည်း (၁၉) လုံး ... ၃၅

၁၄။ ကင်းစီးဟူသည် ၃၆
၁၅။ ကင်းစီးအတု ၃၇
၁၆။ ဝိုက်ချနှင့်မောက်ချ ၃၈
၁၇။ ညကြီးနှင့်ဥကလေး ၄၀
၁၈။ သုဒ္ဓနှင့် ကာရိုက် ၄၁
၁၉။ မြန်မာစာရေးရာ၌ သတိထားရမည့် စည်းကမ်းများ ၄၃
၂၀။ မြန်မာအက္ခရာများကို မှန်ကန်စွာ ရေးသားပုံ ၄၅
၂၁။ မြန်မာအက္ခရာ စာလုံးဆင့် အမှန်ရေးနည်း ၄၆
၂၂။ ကာရန် (၆၄) ပါး ၄၈
၂၃။ အသတ်မဲ့ကာရန် (၂၁) ပါး ၄၉
၂၄။ အသတ်ကာရန် (၄၃) ပါး ၅၁
၂၅။ ပါဠိသင်္ချာအမည်များကို မြန်မာတို့ သိထားသင့်ပုံ ၅၄
၂၆။ ပါဠိဘာသာ Cardinal Number များ ၅၆
၂၇။ ပါဠိဘာသာ Ordinal Number များ ၅၉
၂၈။ ပိဋကတ်သင်္ချာဟူသည် ၆၁
၂၉။ ပိဋကတ်သင်္ချာကောက်နည်းဇယား ၆၃
၃၀။ သက္ကရာဇ်အကြောင်း ရှင်းလင်းချက် ၆၆
၃၁။ သက္ကရာဇ်များအချင်းချင်းညှိယူပုံ ၆၈
၃၂။ နိဂုံးနှင့် ပန်ကြားလွှာ ၆၉
၃၃။ ကိုးကားမှီငြမ်းကျမ်းစာရင်း ၇၂

ကန်တော့ပန်း

မွေးသည့်မိခင် မွေးသည့်ဖခင် ကျေးဇူးရှင်နှစ်ပါး အဦးထား၍ သင်ဆရာ မြင်ဆရာ ကြားဆရာ ဆရာသခင်ကျေးဇူးရှင် အပေါင်းတို့အားလည်းကောင်း အထူးသဖြင့် မိမိအား ပိဋကတ်တတ်မြောက်အောင် သင်ပေးရှာသာမက "မင်းစာရေးစမ်းပါ၊ မင်း အရေးအသားဟာ အလားအလာရှိပါတယ်။ စာရေးရင် အောင်မြင်နိုင်ပါတယ်၊ များများရေးဖြစ်အောင် ရေးစမ်းပါ" ဟု စာရေးရန် မကြာခဏ တိုက်တွန်းအားပေးလေ့ရှိသော ပခုက္ကူမြို့ မဟာမိတ်ဆိုတာရာ မတိုက်ကြီး၏ ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ကျေးဇူးရှင် ဘဒ္ဒန္တပဏ္ဍိတာ ဘိဝံသမထေရ်မြတ်ကြီး (ပျံလွန်) အား လည်းကောင်း ဤကျမ်းငယ်ဖြင့် ကျေးဇူးဆပ်ကာ ဦးညွှတ်ရိုကျိုး ရှိခိုးကန်တော့လိုက်ပါသည်။

ဒေါက်တာတိုးလှ၏ အမှာစာ
‘မြန်မာသင်ပုန်းကြီးအခြေပြု’ အပေါ်
သုံးသပ်ကြည့်မြင်ခြင်း

ကျွန်တော်က မြန်မာသင်ပုန်းကြီးဖြင့် ပညာသင်ကြားကြီးပြင်းခဲ့ရသူ ဖြစ်သည်။ ကျွန်တော် ဘယ်အရွယ်တွင် စာစသင်ခဲ့ရသည်ကို မမှတ်မိပါ။ သို့သော် သစ်သားသင်ပုန်းကြီးဖြင့် မြန်မာသင်ပုန်းကြီး စာအုပ်ပါးပါးလေးထဲက စာတွေ စသင်ခဲ့ရပုံကို ရေးရေး အမှတ်ရပါသည်။ ကန့်ကူလက်လှည့်ဆရာမည်သူဖြစ်သည်ကိုလည်း မမှတ်မိတော့ပါ။ ကျွန်တော့်ကို ဦးဇင်းငယ်များ၊ ကိုရင်ကြီးများက ကြုံသလို သင်ပေးသွားခဲ့ကြသည်ဟု ထင်ပါသည်။ ထိုအထဲတွင် ဘုန်းကြီးလူထွက်ကပ္ပိယကြီးလည်း ပါသည်။ အိမ်တွင်လည်း အမေက သင်ပေးပါသေးသည်။ ကျွန်တော့်အစ်ကိုကြီးတစ်ယောက်ကလည်း တစ်ခါတစ်ရံ သင်ပေးပါသည်။ သင်ပုန်းကြီး သင်ရသောအခါ အက္ခရာအတွဲတွေ အော်ဆိုနေရသည်ကို မှတ်မိနေသည်။

သင်ကြားပုံမှာ ပထမ ဗျည်း ၃၃ လုံးနဲ့ သရ ၁၂ လုံးတို့ကို ကျက်မှတ်ရသည်။ စာလုံးတွေအားလုံးကို မှတ်မိသောအခါ ဗျည်းသရတွဲပုံများကို ဆက်သင်ရသည်။ အထူးသဖြင့် ယပင့်၊

ရရစ်တွဲပုံများ၊ ဝ–ဆွဲတွဲပုံများ၊ ဟထိုးတွဲပုံများ ထို ၂ မျိုး ၃ မျိုး တွဲပုံများ ရေးကျက်ရသည်များကိုမူ ယနေ့တိုင်မြင်ယောင်နေဆဲဖြစ်သည်။ ထို့နောက် အသတ်နှင့် တွဲပုံများကို သင်ရသည်။ စာလုံးတွဲရသဖြင့် အသံပြောင်းသွားပုံများကို သိရသောအခါ သင်ပုန်းကြီး သင်ရသည်ကို ပျော်လာခဲ့သည်။ တစ်ဆင့်တက်ကာ ဆယ်စောင်တွဲမှ မင်္ဂလသုတ်စတင်သင်ကြားရသည်။ သင်ကြားပုံမှာ ဆရာတော်လေးက တစ်ပါဒချင်း ချပေးသည်ကို လိုက်ဆိုရသည်။ နောက် ကိုယ့်ဖာသာကိုယ် ဆိုရသည်။ ဆိုပုံမှန်သွားသောအခါ မိမိ စာကျက်ရမည့်နေရာသို့ ပြန်သွားပြီး ထိုချပေးထားသော စာကို ကျက်ရသည်။ နေ့လည်တစ်ကြိမ်၊ ညနေတစ်ကြိမ် ဆရာတော်ရှေ့ သွားရောက် ဆောင့်ကြောင့်ထိုင် လက်အုပ်ချီလျက် စာပြန်ရသည်။ မင်္ဂလသုတ်ပင်ကုန်သေးအံ့မထင်၊ ခေတ်ပျက်ကာ နိုင်ငံဆူပူမှုများ ဖြစ်ပွားလာခဲ့သဖြင့် မိဘများနှင့်အတူ ရွာမှ ထွက်ပြေးခဲ့ရသည်။ ပညာသင်ကြားရေးများ နောက်ကျသွားခဲ့ရသည်။ နောက် အနည်းငယ်ငြိမ်းချမ်းသွားသောအခါ ရွာကိုပြန်လာပြီး ကျောင်းဆက်နေရသည်။ ဆယ်စောင်တွဲနှင့် သဂြိုဟ်ကိုးပိုင်း ကုန်အောင်သင်နိုင်ခဲ့သည်။ သဒ္ဒါတက်နေစဉ် မူလတန်းကျောင်းပွင့်လာသဖြင့် လူကျောင်းပြောင်းရွှေ့ ပညာသင်ခြင်းဖြင့် ဘုန်းတော်ကြီးကျောင်း ပညာရေး မျက်ချေပြတ်သွားခဲ့ရသည်။

ဦးညွှန့်မောင် (မောင်မောင်ညွှန့်၊ မန်းတက္ကသိုလ်)က မြန်မာ သင်ပုန်းကြီးအကြောင်း ရေးသားပြုစုနေကြောင်းနှင့် ထိုကျမ်းငယ်အတွက် အမှာစာရေးပေးပါရန် စာမူနှင့်တကွ ပေးအပ်ထားခဲ့သည်။ သင်ပုန်းကြီးဆိုသည်မှာ ဗျည်း ၃၃ လုံးနှင့် သရ ၁၂ လုံးတွဲပုံလောက်သာဖြစ်၍ ကိုယ်တိုင်လည်း ဘုန်းတော်ကြီးကျောင်း

သားဘဝက သင်ခဲ့ရဖူးသည်မို့ ပင်ပန်းမည်မထင်သောကြောင့် ရေးပေးပါမည်ဟု အာမခံ၍ ခံလိုက်မိသည်။ အိမ်ရောက်ပြီး သူ့စာမူကို လေ့လာလိုက်သောအခါ သူက စာသင်စကလေးများ အတွက် ရေးထားသည့် သင်ပုန်းကြီးမျိုးမဟုတ်ဘဲ စာသင်ပေး မည့်ဆရာများအတွက် ပညာရပ်ဆိုင်ရာကို ရေးသားထားခြင်း ဖြစ်သောကြောင့် ကျမ်းက ငယ်ပင်ငယ်သော်လည်း စာကမငယ်၊ နက်ရှိုင်းကျယ်ဝန်းသည်။ ငယ်စဉ်က သင်ပုန်းကြီးစသင်မည်ရှိ သောအခါ ဘုန်းတော်ကြီးက ချပေးသဖြင့် လိုက်ဆိုခဲ့ရသော "နမောဗုဒ္ဓါယ သိဒ္ဓံ" ကို ပြန်လည်အမှတ်ရမိသည်။ ကြီးလာ သောအခါမှ အဓိပ္ပာယ်ကို နားလည်သည်။ ဦးညွန့်မောင်ကလည်း ထိုအကြောင်းကို ကောင်းစွာရှင်းပြပေးထားသဖြင့် ကျေးဇူးတင် မိရသည်။

ထိုအကြောင်းနှင့်ဆက်စပ်လျက် သမိုင်းအဖြစ်အပျက်တစ်ခု ကိုလည်း သတိရလိုက်မိသည်။ အခြား မဟုတ်ပါ။ မင်းဆွေနှင့် ရှင်သိဒ္ဓတ်မင်းသားညီနောင်နှစ်ပါးတို့ ငယ်စဉ်ကအကြောင်း ဖြစ် ပါသည်။ သူတို့ငယ်စဉ်က ပင်လယ်ကျေးဘုန်းတော်ကြီးကျောင်းမှာ သိမ်သိမ်ငယ်ငယ် ချို့ချို့တဲ့တဲ့နှင့် မိဖမဲ့သားများလို ကျောင်းအိပ် ကျောင်းစားနေခဲ့ကြရသည်။ တစ်နေ့ မင်းဆွေ အိပ်မက် မက် သည်။ သူ့ဗိုက်ထဲက အူတွေ ထွက်ကျလာခဲ့ပြီး အဝ (အင်းဝ) မြို့ကြီးကို ရစ်ပတ်နေကြောင်း ဆိုသည်။ ငယ်ရွယ်သူမို့ ကြောက် စိတ်ဝင်နေသောကြောင့် ဆရာတော်ကို လျှောက်ထားသောအခါ ဆရာတော်က ဘာမပြော ညာမပြောနှင့် မင်းဆွေကို ဖနောင့်နှင့် ကန်ကြောက်လေတော့သည်။ နောက်မှ "နင်အဝမှာ မင်းဖြစ်မည်။ မင်းဖြစ်သောအခါ ငါ့ကို မမေ့အောင် ငါ ခြေနှင့် ကြောက်ဘိ သည်" ဟု မိန့်တော်မူသည်။ ထိုမှ စာစသင်သောအခါ သူ့ကို

အမြန် မင်းဖြစ်စေလိုသောကြောင့် "နမောဗုဒ္ဓါယ သိဒ္ဓံ" ကို "သိဒ္ဓံ" က စတင်သင်ကြားပေးခဲ့သည်။ မြန်မာဗုဒ္ဓဘာသာတို့ ထုံးစံအရ ပညာသင်သောအခါ ဘုရားရှင်ကို ရှိခိုးပူဇော်ပြီးမှ သင်ကြမြဲဖြစ်သည်။ သင်ကြားမှုပြီးမြောက် အောင်မြင်စေကြောင်း အတွက် ထို "နမော ဗုဒ္ဓါယ" ဖြင့် သင်ကြားမှုကို စမြဲဖြစ်သည်။

စင်စစ်သင်ပုန်းကြီးဟူသည် ဗျည်းနှင့်သရတွဲလျှင် မည်သို့ အသံထွက်သည်ကိုသာ သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်သည်။ ဝေါဟာရစကားလုံးများ၊ ဝါကျတည်ဆောက်ပုံများကို သင်ကြား ပေးသော အဆင့်မဟုတ်ပေ။ ဖတ်စာဟူ၍လည်း ရေးက မရှိချေ။ ဘုန်းတော်ကြီး ကျောင်းပညာရေးစနစ်အရ သင်ပုန်းကြီးကုန်သော အခါ မင်္ဂလသုတ်ကို စတင်သင်ကြားကြရသည်။ ဤတွင် သင် ကြားရေးသည် ခုန်ပျံကျော်လွှားတက်သွားတော့သည်။ အကြောင်း မှာ မင်္ဂလသုတ်သည် မြန်မာဘာသာ မဟုတ်ချေ။ ပါဠိဘာသာ စာပေဖြစ်သည်။ ဘုရားဟောတရားတော်ဖြစ်သည်။ လူ့လောက ယဉ်ကျေးဖွယ်ရာနှင့် ဆက်ဆံရေးပညာရပ်မျိုးလည်း ဖြစ်သည်။ လောကငြိမ်းချမ်းရေးကို ပေးစွမ်းနိုင်သော ပညာရပ်ဖြစ်သည်။ ထိုမျှလေးနက်သော မင်္ဂလာတရားတော်ကို သင်ပုန်းကြီးပြီးသည် နှင့် သင်ကြားပေးသည်မှာ အခြေခံကောင်းကို တည်ဆောက်ခြင်း ဖြစ်ဟန်ရှိသည်။ ထိုတွင် လုံးဆင့်များ ဝါ ပါဌ်ဆင့်များ ပါလာ သည်။ ယခုကျမ်းပြုဆရာက ပါဌ်ဆင့်များကို မည်သည့်ဥပဒေ များနှင့် ပါဌ်ဆင့်ရပုံ အက္ခရာ ထပ်ရပုံများကို တင်ပြသည်မှာ အလွန်တန်ဖိုးရှိလှသည်။ ထိုအနေအထားကို ဆရာများကလည်း သင်ကြားမပေးခဲ့ကြသလို စာရေးနေကြသူတို့ကလည်း မသိကြ ချေ။ ထို့ပြင် အက္ခရာများ သံတိုမှ သံရှည်ပြုလုပ်သောအခါ၊ အသံပြတ်မှ ကျသံ ပြုလုပ်သောအခါ အာသရနှင့် နောက်မှ

ဝစ္စပေါက်(း)ထည့်သောအခါ ရေးချမှာ မောက်ချနှင့် ဝိုက်ချတို့ ထည့်ရသည့်အခါ စည်းမျဉ်းများကို ဖော်ပြသည်မှာလည်း အလွန် ကျေးဇူးတင်ထိုက်လှသည်။

စာပေသင်ကြားခြင်းသည် အရာရာ၌ စည်းကမ်းစနစ်ရှိရ သည်ကို ကျမ်းပြုဆရာက ဖော်ပြသည်။ လေ့လာသူများ သင်ကြား ပေးသူဆရာများ အမှုမဲ့အမှတ်မဲ့ဖြစ်နေတတ်ကြသည်များကို ထောက်ပြပေးထားသည်။ ထို့ကြောင့် ကျမ်းပြုဆရာ၏ ပညာကို လည်းကောင်း၊ စေတနာကိုလည်းကောင်း သေသပ်ပြည့်စုံသော တင်ပြမှုကိုလည်းကောင်း သိရှိရသဖြင့် လေးစားရသည်။ မုံရွေး ဆရာတော်က ပညာရှင် သုံးဦးကို ခွဲခြားပြခဲ့ဖူးသည်။ အချို့ပညာ တတ်သည် မတင်ပြမရေးသားတတ်၊ အချို့ တင်ပြရေးသားတတ် သည်။ ပြည့်စုံကုံလုံအောင် မတတ်၊ အချို့ တတ်လည်း တတ် သည်၊ တင်လည်း တင်ပြတတ်သည်။ ဤသည်ကို ကျမ်းပြုဆရာ ၏ အရည်အချင်းပြည့်စုံသည်ဟု ခေါ်သည်ဟု ဆိုပေသည်။

ရှေးဟောင်းစာပေလေ့လာသူများသည် ပါဠိနှင့်ပိဋကတ် သချာ မသိ/ မတတ်သဖြင့် မကြာခဏကြုံတွေ့ရသော ပြဿနာ မှာ သက္ကရာဇ်ရက်စွဲများကို ပိဋကတ်သင်္ချာဖြင့် (သို့မဟုတ်) ပါဠိဝေါဟာရဖြင့် ဖော်ပြလျှင် မသိရှိကြခြင်းပင် ဖြစ်သည်။ ထိုပြဿနာအတွက် ကျမ်းပြုဆရာက မေတ္တာရှေ့ထား ဖြေရှင်း ပေးသွားခဲ့သည်။

အချုပ်ဆိုရလျှင် မြန်မာသင်ပုန်းကြီးအခြေပြသည် သာမန် မလောက်လေးမလောက်စား စာအုပ်ကလေးဟု မထင်မှတ်စေလို ပါ။ အက္ခရာသမိုင်းကိုလည်းကောင်း၊ စာပေသမိုင်းကို လည်း ကောင်း၊ ပိဋကတ်သင်္ချာကိုလည်းကောင်း ကျယ်ပြန့်စွာ သိစေ နိုင်သော လက်စွဲကျမ်းငယ်ဖြစ်သည်။ စာပေရတနာတိုက်ကို ဖွင့်

ပေးနိုင်သော သော့တစ်ချောင်းကို အပ်နှင်းပေးလိုက်ခြင်းဟုပင် ဆိုနိုင်သည်။ ကျောင်းနေစကလေးသူငယ်များကို စာစ သင်ပေးသော ဆရာ ဆရာမများ၊ မြန်မာစာပေကို သင်ကြားပေးနေကြသော ဆရာများ၊ တက္ကသိုလ်တွင် မြန်မာစာပေ အထူးပြု သင်ကြားနေသူများ၊ စာပေကို လေ့လာရေးသားနေကြသူများနှင့် ရှေးဟောင်းသမိုင်းကို လေ့လာနေကြသူများအတွက် အမှန်တကယ် အကျိုးပြုသော၊ လက်စွဲထားသင့်သော ကျမ်းငယ်တစ်စောင်ဖြစ်ပါသည်။

တိုးလှ
မြန်မာသမိုင်းအဖွဲ့ဝင်

❐

မြန်မာ သင်ပုန်းကြီးလာ အက္ခရာဝဏ္ဏများ

မြန်မာသင်ပုန်းကြီးဟူသည် မြန်မာဘာသာ၏ မူလအခြေခံ ဖြစ်သော အက္ခရာဝဏ္ဏတို့ကို ပြသော ကျမ်းဖြစ်သည်။ မြန်မာ ဘာသာ အက္ခရာသမိုင်းကြောင်းကို လေ့လာလျှင် သက္ကတဘာသာ ကို အမွန်အစပထမပြု၍ ယင်းနောက်မှ ပါဠိဘာသာ၊ မွန်ဘာသာ နှင့် မြန်မာဘာသာတို့ အဆင့်ဆင့်ပြောင်းလဲဖြစ်ထွန်းလာသည်ကို တွေ့ရပေမည်။ ထို့ကြောင့် ယင်းဘာသာလေးမျိုးတို့၏ အက္ခရာ ဝဏ္ဏတို့အကြောင်းကို ရှေးဦးစွာ ပြဆိုပါမည်။

ယင်းသို့ပြရာ၌လည်း သင်္ချာကိုပြခြင်းနှင့် သရုပ်ကိုပြခြင်း ဟု နှစ်မျိုးရှိရာတွင် စာသင်သားတို့အနေဖြင့် ယင်းသင်္ချာနှင့် သရုပ်တို့၏အဓိပ္ပာယ်ကို ကွဲပြားစွာ သိနိုင်စေရန် ဥပမာထုတ်၍ ပြပါမည်။ ဥပမာအားဖြင့် "အပါယ်လေးပါး" ဟူရာ၌ 'လေး' ကို သင်္ချာခေါ်ပါသည်။ ယင်း 'လေးပါး' ဟူသော သင်္ချာ၏ သရုပ်မှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်တို့ ဖြစ်ကြသည်။ ဤသို့လျှင် သင်္ချာနှင့် သရုပ်အဓိပ္ပာယ်ကို ခွဲခြားမှတ်သားရပါ မည်။

အထက်ပါ ဘာသာလေးမျိုးတို့၏ အက္ခရာဝဏ္ဏတို့ကိုပြရာတွင် ရှေးဦးစွာ သင်္ချာမျှကိုသာ ပြဆိုပါမည်။ ယင်းသို့ သင်္ချာကိုပြရာ၌လည်း ရှေ့နောက်ဖြစ်စဉ်အတိုင်း သက္ကတဘာသာမှစ၍ အစဉ်အတိုင်းပြပါမည်။

သက္ကတဘာသာ၌ သရ (၁၄) လုံး၊ ဗျည်း (၃၇) လုံးအားဖြင့် အက္ခရာဝဏ္ဏ (၅၁) လုံး ရှိသည်။

ပါဠိဘာသာ၌ သရ ရှစ်လုံး၊ ဗျည်း (၃၃) လုံးအားဖြင့် အက္ခရာ ဝဏ္ဏ (၄၁) လုံးရှိသည်။

မွန်ဘာသာ၌ သရ (၁၂) လုံး၊ ဗျည်း (၃၅) လုံးအားဖြင့် အက္ခရာဝဏ္ဏ (၄၇) လုံးရှိသည်။

မြန်မာဘာသာ အက္ခရာရေတွက်ရာ၌ ပထမနည်း (ရှေးနည်း)နှင့် ဒုတိယနည်း (နောက်နည်း) ဟူ၍ နှစ်မျိုးရှိရာတွင်

ပထမနည်း၌ သရ (၁၂) လုံး၊ ဗျည်း (၃၃) လုံးအားဖြင့် အက္ခရာဝဏ္ဏ (၄၅) လုံးရှိသည်။

ဒုတိယနည်း၌ သရ (၁၁) လုံး၊ ဗျည်း (၃၅) လုံးအားဖြင့် အက္ခရာဝဏ္ဏ (၄၆) လုံးရှိသည်။

ဤကား လေးဘာသာ အက္ခရာဝဏ္ဏတို့၏ သင်္ချာမျှကိုသာ ပြခြင်းဖြစ်သည်။ လေးဘာသာ အက္ခရာဝဏ္ဏတို့၏ သရုပ်ကိုမူကား စာသင်သားတို့ နားရှုပ်သွားမည်စိုးသောကြောင့်လည်းကောင်း၊ မွန်ဘာသာ၊ သက္ကတဘာသာစာလုံးများကို ပုံနှိပ်ရာ၌ စာလုံး အမှန်ရရန် အခက်အခဲရှိသောကြောင့် လည်းကောင်း အက္ခရာသရုပ်ကို လေးဘာသာလုံးမပြတော့ဘဲ မြန်မာဘာသာ အက္ခရာဝဏ္ဏသရုပ်ကိုသာ ပထမနည်း (ရှေးနည်း) နှင့် ဒုတိယ (နောက်နည်း) နှစ်မျိုးဖြင့် ထုတ်ပြသွားပါမည်။

မြန်မာဘာသာ အက္ခရာရေတွက်နည်းနှစ်မျိုးတွင် ပထမနည်း (ရှေးနည်း) မှာ မြန်မာဘာသာသင်ပုန်းကြီးစာအုပ်များ၌ တွေ့ရသောနည်းဖြစ်သည်။ ဤနည်း၌ သရ (၁၂) လုံး ဆိုသည်မှာ မြန်မာသင်ပုန်းကြီး စာအုပ်အစ၌ တွေ့ရသော သင်ရိုးသရသံစဉ် (၁၂) ပါးကို ခေါ်ဆိုခြင်း ဖြစ်သည်။ သင်ရိုးသရသံစဉ် (၁၂) ပါးဟူသည် မြန်မာသင်ပုန်းကြီးစာအုပ်၌ ပထမဆုံး တွေ့ရသော **"နမောဗုဒ္ဓါယသိဒ္ဓံ"** အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အား" ဤသရ (၁၂) လုံးကို ခေါ်ဆိုခြင်း ဖြစ်သည်။ ဤ၌ "နမောဗုဒ္ဓါယသိဒ္ဓံ" သည် သင်ရိုးသရထဲမပါဝင်ပေ။ သင်ပုန်းကြီးကို မသင်ယူမီ ရှေးဦးစွာ ဘုရားကို ရှိခိုးလိုက်သော ဗုဒ္ဓပဏာမ ဖြစ်သည်။ မြန်မာဘာသာ ဗျည်း (၃၃) လုံး ဆိုသည်မှာ က–အစ၊ အ–အဆုံး အက္ခရာ (၃၃) လုံးပင် ဖြစ်သည်။

မြန်မာဘာသာ အက္ခရာရေတွက်ပုံ ဒုတိယနည်း (နောက်နည်း) ၌ သရ–၁၁ လုံးဟူသည် "အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အို" တို့ ဖြစ်ကြသည်။ ၎င်းတို့ကို "အ၊ အာ၊ အိ၊ အီ၊ အု၊ အူ၊ အေ၊ အဲ၊ အော၊ အော်၊ အို" ဟူ၍လည်း အသံထွက်သိရန် ရေးကြသည်။ ယင်းသရ (၁၁) လုံး၏ ဗျည်းနှင့် ယှဉ်တွဲသောအခါ သင်္ကေတမှာ–အသရ၌ သင်္ကေတ မရှိသဖြင့်'အာ'မှစ၍ "–ာ၊ –ိ၊ –ီ၊ –ု၊ –ူ၊ ေ–၊ –ဲ၊ ေ–ာ၊ ေ–ာ် ၊ –ို" တို့ ဖြစ်ကြသည်။ အ–သည် ဗျည်းနှင့်တွဲလျှင် အသရ ပျောက်သွားမြဲဖြစ်သည်။

မြန်မာဘာသာ အက္ခရာရေတွက်ပုံ ဒုတိယနည်း (နောက်နည်း) ၌ ဗျည်း (၃၅) လုံးဟူသည် ပထမနည်း (ရှေးနည်း) ၌

ပြခဲ့သော ဗျည်း (၃၃) လုံးတွင် အဆုံးဖြစ်သော 'အ' ဗျည်းကို ပယ်၍ -ံ၊ -့၊ -း ဤဗျည်းသုံးလုံးကို ထည့်လိုက်လျှင် မြန်မာဘာသာ ဗျည်း (၃၅) လုံးရသတည်း။

ဤအသစ်ထည့်လိုက်သော ဗျည်းသုံးလုံးတွင် -ံ ဗျည်းကို မြန်မာလို 'သေးသေးတင်' ဟု ခေါ်သည်။ ပါဠိလို ဗိန္ဒုဟူ၍လည်းကောင်း၊ နိဂ္ဂဟိတ်ဟူ၍လည်းကောင်း ခေါ်သည်။ သက္ကတဘာသာအားဖြင့် 'အနုသွာရ' ခေါ်သည်။ ယင်း -ံ ဗိန္ဒုသည် မသတ်အစားသုံး၍ ရသောလက္ခဏာဖြစ်သည်။ အသံထွက်လျှင် နှာသံထွက်ရသည်။ ယင်း -ံ (အံဗျည်း) ကို အ၊ ဣ၊ ဥ ဟူသော ရဿ သရသုံးလုံးနှင့်သာ တွဲရသည်။

ဥပမာ – အံ၊ ဣံ၊ ဥံ
ကံ၊ ကိံ၊ ကုံ စသည်ဖြစ်၏။

-့ ဗျည်းကို မြန်မာလို အ–မြစ် ဟူ၍လည်းကောင်း အောက်မြစ်ဟူ၍လည်းကောင်း ခေါ်သည်။ ပါဠိလို ပဋိသေဓနိယ ဟု ခေါ်သည်။ ယင်း -့ ဗျည်းကို အမြစ်ဟု ခေါ်ခြင်းမှာ ရှေးက ကျောက်စာများ ရေးရာ၌ မူလ အသံရှည်ကို တိုသွားအောင် တားမြစ်လိုလျှင် မြစ်လိုသော စာလုံးအောက်က 'အ' ကို ရေးထည့်၍ မြစ်သောကြောင့် အ–မြစ်ဟု ခေါ်ခြင်းဖြစ်သည်။ အောက်မြစ်ဟု ခေါ်ခြင်းမှာလည်း ရှေးက ကျောက်စာ၊ မန်ကျည်းစေ့ ကမ္ပဝါစာများရေးရာ၌ အသံရှည်ကို မြစ်လိုလျှင် မြစ်လိုသော စာလုံး၏ အောက်မှာ အ–အက္ခရာထည့်၍ မြစ်သောကြောင့် အောက်–မြစ်ဟု ခေါ်ခြင်းဖြစ်သည်။ ယင်း -့ (အ–မြစ်၊ အောက် – မြစ်) ပါလျှင် သံတို၊ သံပြတ် ထွက်ရသည်။ "အာ၊ ဤ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အို" ဟူသော ဒီဃသရ ရှစ်လုံးနှင့်သာ တွဲရသည်။

ဥပမာ – ငါ့သီ၊ ထိုပြီးတစ်ဖန်၊ သူ့စာအုပ်၊ အမေ့သား၊ တကဲ့လူ၊ ကျွန်တော့်အိမ်၊ တို့တိုင်းပြည် စသည့်တို့ဖြစ်၏။

အထူးမှတ်ရန်မှာ ဤအောက်မြစ်ဗျည်းသည် မိမိနှင့်တွဲသော နာမ်ပုဒ်၏ ပိုင်ဆိုင်မှု (သာမိ) အနက်ကို ထွန်းပြသည်။

ဥပမာ – ငါ့သား = ငါ၏သား

ငါ့တိုင်းပြည် = ငါ၏ တိုင်းပြည်

သူ့စကား = သူ၏စကား စသည်။

–း ဤဗျည်းကို ရှေ့ကပေါက်၊ ရှေ့ကနှစ်လုံးပေါက်၊ ဝစ္စပေါက်၊ ဝစ္စနှစ်လုံးပေါက်ဟူ၍ အမျိုးမျိုးခေါ်သည်။ ရှေ့ဆီးဟူ၍လည်း ပညာရှင်တို့က ခေါ်ကြသည်။ ပါဠိလို 'ဝိသဇ္ဇနီ' ဟု ခေါ်သည်။ ယင်းဝိသဇ္ဇနီပါလျှင် သက်သံ၊ သံရှည် ထွက်ရသည်။

ယင်းမြန်မာဘာသာ ဗျည်း (၃၅) လုံးနှင့်တကွ ဗျည်းဟူသမျှသည် သူ့ချည်းသက်သက် အသံထွက်၍ မရ။ သရနှင့်တွဲမှသာ အသံထွက်နိုင်သည်။ သူ့ချည်းသက်သက် အသံထွက်လျှင် အသံပီပီသသ မထွက်နိုင်။ မြွေပါရှုးသံမျှ အသံနုံ့ကလေးသာ ထွက်နိုင်သည်။

အထက်ပါ မြန်မာသင်ပုန်းကြီးအက္ခရာ ရေတွက်နည်းနှစ်မျိုးတွင် သရ (၁၂) လုံး၊ ဗျည်း (၃၃) လုံး ဟူသော ပထမနည်း (ရှေးနည်း) သည် ပုဂံခေတ် ဒိသာပါမောက္ခဘွဲ့ခံ ဆရာတော် ဦးကျည်ပွေ့ရေးသည်ဟု အဆိုရှိသော ပုဗ္ဗဂဏ္ဍဋီကာ ခေါ် သင်ပုန်းကြီးဋီကာကျမ်း၊ ရခိုင်ရှင်သီလဝံသရေးသော ကဝိကဏ္ဍပါသကျမ်း၊ ပထမကျော်အောင်စံထား ဆရာတော်တို့ စီရင်သော "ကျောင်းသားလူငယ်များ အခြေခံသင်ရိုးကျမ်း" ခေါ် မြန်မာသင်ပုန်းကြီးကျမ်းနှင့် ကိုလိုနီခေတ်က စ၍ စာသင်ကျောင်းများ၌ သုံးစွဲခဲ့သော ပုံနှိပ်မူမြန်မာသင်ပုန်းကြီးများ၌ လာသောနည်းဖြစ်သည်။

သရ (၁၁) လုံး၊ ဗျည်း (၃၅) လုံးဟူသော ဒုတိယနည်း (နောက်နည်း) သည်ကား တောင်တွင်းဆရာတော်ခင်ကြီးဖျော် စီရင်သော သဒ္ဒဗျူဟာကျမ်း၊ ရွှေပြည်ဝန်ကြီး ခေါ် ယောမင်းကြီး ဦးဖိုးလှိုင် စီရင်သော လိပိဒိပိကာကျမ်း၊ ပုဂံဝန်ထောက်မင်းဦးတင်၊ ဝဇီရဗုဒ္ဓိဦးဖိုးစိန်နှင့် ဟံသာဝတီ ဦးဘရင်စသော နှောင်းခေတ် ပညာရှင်တို့၏ အဆိုကို အခြေခံသော နည်းဖြစ်သည်။

ယင်းသို့ မြန်မာဘာသာ အက္ခရာဝဏ္ဏနှင့် ပတ်သက်၍ အယူအဆနှစ်မျိုး ကွဲပြားနေရာတွင် မြန်မာဘာသာ သရ (၁၁) လုံး၊ ဗျည်း (၃၅) လုံးဟူသော ဒုတိယနည်း (နောက်နည်း) သည် သဒ္ဒါကျမ်းတို့၏ ဘိုးအေဟု ဆိုထိုက်သော သက္ကတဘာသာ ပါဏိနီကျမ်း၊ သရသွတိဗျာကရဏ်းကျမ်းတို့၏ ပြဆိုချက်တို့နှင့် နီးစပ်မှုရှိသဖြင့် ယင်းဒုတိယနည်း (နောက်နည်း) ကိုသာမူ မှန်ထား၍ မြန်မာသင်ပုန်းကြီးကို ဖွင့်ပြသွားပါမည်။

အထက်ပါ မြန်မာသင်ပုန်းကြီး အက္ခရာဝဏ္ဏများကို ပြဆိုရာတွင် ယင်းတို့နှင့် ပတ်သက်သော အမျိုးအမည်၊ အခေါ်အဝေါ်၊ အသုံးအနှုန်း သရုပ်သဏ္ဍာန်စသည်များကို ရှေးဦးစွာ သိထားမှသာလျှင် မြန်မာသင်ပုန်းကြီးကို ရှင်းလင်းစွာ နားလည်နိုင်ပါလိမ့်မည်။ ထို့ကြောင့် ယင်းမြန်မာသင်ပုန်းကြီးဆိုင်ရာ သိစရာ အချက်အလက်များကို ရှေးဦးစွာ တင်ပြလိုပါသည်။

❒

သရနှင့် ဗျည်းခြားနားမှု

မည်သည့်ဘာသာ၌ဖြစ်စေ သရ ဟူသည် အခြားပစ္စည်း အကူအညီမပါဘဲ သူ့ချည်းသက်သက် အသံထွက်၍ရသော အက္ခရာဝဏ္ဏတို့ကို ခေါ်သည်။

ဗျည်းဟူသည် သူ့ချည်းသက်သက် အသံထွက်၍ မရ၊ သရနှင့် တွဲမှသာ အသံပီပီသသ ထွက်နိုင်သော အက္ခရာမျိုး ဖြစ်သည်။

❐

သရနှင့် ဗျည်းတို့၏ ရွတ်ဆိုချိန် ကြာမြင့်ကာလ

သရသည်လည်း ရဿသရ၊ ဒီဃသရဟု နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတွင် အသံတိုသော သရကို ရဿသရဟု ခေါ်သည်။ အသံရှည်သော သရကို ဒီဃသရဟု ခေါ်သည်။ ရဿသရသည် ရွတ်ဆိုသောအခါ တစ်မတ္တာကြာသည်။ တစ်မတ္တာဟူသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှသာ ကြာသောအချိန်ကာလဖြစ်သည်။ ဒီဃသရဟူသည် ရွတ်ဆိုသောအခါ နှစ်မတ္တာကြာသည်။ နှစ်မတ္တာဟူသည့် မျက်စိနှစ်မှိတ် လျှပ်နှစ်ပြက်မျှကြာသော အချိန်ကာလဖြစ်သည်။

ဗျည်းဟူသည် ရွတ်ဆိုသောအခါ မတ္တာဝက်မျှသာ ကြာသည်။ မတ္တာဝက်ဟူသည် ရွတ်ဆိုချိန် အလွန်တိုသောကြောင့် ဗျည်းကို သူ့ချည်းသက်သက် အသံပီပီသသ မထွက်နိုင်၊ သရနှင့် တွဲမှသာ အသံပီပီသသ ထွက်နိုင်သည်။ ထို့ကြောင့် ရဿရသနှင့် တွဲလျှင် တစ်မတ္တာခွဲ၊ ဒီဃသရနှင့် တွဲလျှင် နှစ်မတ္တာခွဲ ကြာသည်။ သီချင်းသံကဲ့သို့ ဆွဲဆွဲငင်ငင် သီဆိုရသော 'ပလုတ' သံကား သုံးမတ္တာကြာသည်ဟု သွရသတိစသော ဗျာကရဏ်းကျမ်းများက ဆိုသည်။

❐

မြန်မာဘာသာသရနှင့် ဗျည်းတို့ကို ဇယားဖြင့် ပြခြင်း

မြန်မာသင်ပုန်းကြီးလာ သရ (၁၁) လုံးတွင် ရဿ (သံတို) သရ သုံးလုံးရှိသည်။ ၎င်းတို့မှာ ‘အ၊ ဣ၊ ဥ’ တို့ ဖြစ်သည်။ ဒီဃ (သံရှည်) သရ ရှစ်လုံးရှိသည်။ ၎င်းတို့မှာ ‘အာ၊ ဤ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အို’ တို့ ဖြစ်ကြသည်။ ယင်းရဿနှင့် ဒီဃ သရနှစ်မျိုးကို ပေါင်း၍ ဇယားဖြင့် ပြပါမည်။

အသံထွက် ဗျည်းတွဲ သင်္ကေတ

အ	အာ	ဣ	ဤ	ဥ	ဦ	ဧ	အဲ	ဩ	ဪ	အို
အ	အာ	အိ	အီ	အု	အူ	အေ	အဲ	အော	အော်	အို
–	–ာ	–ိ	–ီ	–ု	–ူ	ေ–	–ဲ	ေ–ာ	ေ–ာ်	–ို

မြန်မာသင်ပုန်းကြီး ဗျည်း (၃၅) လုံးရှိရာတွင် ဝဂ်ဗျည်း (၂၅) လုံးနှင့် အဝဂ်ဗျည်း (၁၀) လုံးဟု နှစ်မျိုး ခွဲခြားနိုင်သည်။ ထိုမှ ဝဂ်ဗျည်း (၂၅) လုံးကို ဇယားဖြင့် ပြပါမည်။

ပထမက္ခရာ	ဒုတိယက္ခရာ	တတိယက္ခရာ	စတုတ္ထက္ခရာ	ပဉ္စမက္ခရာ ဝဂ္ဂန္တ	
က	ခ	ဂ	ဃ	င	က–ဝဂ်ငါးလုံး
စ	ဆ	ဇ	ဈ	ည	စ–ဝဂ်ငါးလုံး
ဋ	ဌ	ဍ	ဎ	ဏ	ဋ–ဝဂ်ငါးလုံး
တ	ထ	ဒ	ဓ	န	တ–ဝဂ်ငါးလုံး
ပ	ဖ	ဗ	ဘ	မ	ပ–ဝဂ်ငါးလုံး

(မှတ်ချက်) ဤဝဂ်အက္ခရာ (၂၅) လုံးတွင် 'က၊ ခ၊ ဂ၊ ဃ၊ င' ငါးလုံးကို က–ဝဂ်ဟု ခေါ်ခြင်းမှာ 'က' သည် အဦးအစ ဖြစ်ခြင်းကြောင့် အဦးအစ အက္ခရာအမည်ဖြင့် ကဝဂ်ဟု ခေါ်ခြင်း ဖြစ်သည်။ ကျန်သော စ–ဝဂ်အစရှိသည်တို့၌လည်း အလားတူ မှတ်လေ။ ယင်းသို့ အက္ခရာငါးလုံးစီကို စု၍ 'ဝဂ်' ဟု ခေါ်ခြင်းမှာ ယင်းငါးလုံးစီတို့သည် အက္ခရာဖြစ်ရာ 'ဌာန်' တူသောကြောင့် ငါးလုံးစီကိုစု၍ 'ဝဂ်' ဟု ခေါ်ခြင်းဖြစ်၏။

အထက်ပါဇယား၌ င၊ ည၊ ဏ၊ န၊ မ ဟူသော ပဉ္စမက္ခရာ ငါးလုံးတို့သည် ဝဂ်၏ အဆုံးဖြစ်၍ 'ဝဂ္ဂန္တ' အက္ခရာမည်ကုန်၏။

အဝဂ်ဗျည်း (၁၀) လုံးဇယားပုံ

ယ	ရ	လ	ဝ	သ	ဟ	ဠ	–ံ	–့	–း

ယင်း အဝဂ်ဗျည်း (၁၀) လုံး၌ ပါသော –ံ (အံဗျည်း၊) –့ (အောက်မြစ်ဗျည်း) နှင့် –း (ဝိသဇ္ဇနီဗျည်း) တို့အကြောင်း

ကို ရှေးအခန်း ခေါင်းစဉ် ၁၊ စာမျက်နှာ–၄ ၌ ရှင်းပြခဲ့ပြီး ဖြစ်သည်။ မမှတ်မိလျှင် ပြန်ကြည့်ပါ။

ဤ (၁၀) လုံးတို့ကို အဝဂ်ဗျည်းဟု ခေါ်ခြင်းမှာ ၎င်းတို့သည် အထက် ဝဂ်ဗျည်းများကဲ့သို့ အက္ခရာဖြစ်ရာ ဌာန်တူမဟုတ်ဘဲ ဌာန်ကွဲနေသောကြောင့် ဝဂ်အစုဖွဲ့၍ မရသဖြင့် 'အဝဂ်' ဟု ခေါ်ခြင်းဖြစ်၏။

ကျန်သော မွန်ဘာသာ၊ ပါဠိဘာသာ၊ သက္ကတဘာသာတို့၏ အက္ခရာဝဏ္ဏသရုပ်နှင့် သဒ္ဒါအသုံးအနှုန်းတို့ကိုမူကား စာသင်သားများ နားရှုပ်ကုန်မည်စိုးသဖြင့် အသေးစိတ် သရုပ်ထုတ်၍ မပြလိုက်တော့ပြီ။ သိရှိလိုပါမူ တောင်တွင်းဆရာတော်ခင်ကြီးဖျော် စီရင်သော သဒ္ဒဗျူဟာကျမ်းကို ကြည့်ရှုကြရန် တိုက်တွန်းပါသည်။

❒

မြန်မာသင်ပုန်းကြီးလာ သံယုတ်ဗျည်းလေးမျိုး

မြန်မာသင်ပုန်းကြီးတွင် အခြားဗျည်းများနှင့် ယှဉ်ကပ်သုံးစွဲနိုင်သော သံယုတ်ဗျည်းလေးမျိုးရှိသည်။ ၎င်းတို့မှာ 'ယ၊ ရ၊ ဝ၊ ဟ' တို့ ဖြစ်ကြသည်။

ထိုသံယုတ်ဗျည်းလေးမျိုးတွင် ယ–ကို၊ ရ–နှင့် ကွဲပြားစေခြင်းငှာ 'ယပက်လက်' ဟု ခေါ်သည်။ ယင်းကို သံယုတ်ဗျည်းပြုသောအခါ 'ယပင့်' ဟု ခေါ်သည်။ 'ယပင့်' ဟု ခေါ်ခြင်းမှာ ကျောက်စာမင်စာနှင့် မန်ကျည်းစေ့ ကမ္ဗဝါစာများ ရေးရာ၌ ယ–သည် မိမိယှဉ်ကပ်သော ဗျည်းကို အောက်မှ ပင့်တင်ထားသကဲ့သို့ ဖြစ်သောကြောင့် 'ယပင့်' ဟု [၁] အန္ဝတ္ထသညာဖြင့် ခေါ်ခြင်းဖြစ်သည်။

'ရ' မှာ ပုံသဏ္ဌာန်အရ ခပ်ကောက်ကောက်နေသောကြောင့် 'ရ–ကောက်' ဟု ခေါ်သည်။ ယင်းကို သံယုတ်ဗျည်းပြုသောအခါ မိမိယှဉ်ကပ်သော စာလုံးကို ရစ်ပတ်ထားသကဲ့သို့ ဖြစ်သောကြောင့် ရ–ရစ်ဟု [၁] အန္ဝတ္ထသညာဖြင့် ခေါ်ခြင်းဖြစ်သည်။

၁။ အန္ဝတ္ထသညာဟူသည် အနက်ဒြပ်နှင့် အမည်လိုက်ဖက်သည်ကို ခေါ်သည်။ ဥပမာ–ဝ သောသူကို ကိုလူဝ မှည့်ခေါ်သကဲ့သို့ ဖြစ်သည်။

'ဝ' သည် ပုံသဏ္ဌာန်အရ လုံးဝိုင်းသော သဘောရှိသော ကြောင့် ဝလုံးဟု ခေါ်သည်။ ယင်းကို သံယုတ်ဗျည်းပြုသော အခါ မိမိယှဉ်ကပ်သော ဗျည်း၏ အောက်မှ တွဲရရွဲဆွဲထားသကဲ့ သို့ဖြစ်သောကြောင့် ° အနွတ္ထသညာအားဖြင့် 'ဝ–ဆွဲ' ဟု ခေါ်ခြင်း ဖြစ်သည်။

'ဟ' ကို သံယုတ်ဗျည်းပြုသောအခါ 'ဟ–ထိုး' ဟု ခေါ်သည်။ 'ဟ–ထိုး' ဟု ခေါ်ခြင်းမှာ ကျောက်စာနှင့် မန်ကျည်း စေ့ ကမ္ဘဝါစာများရေးရာ၌ မိမိယှဉ်ကပ်သော ဗျည်း၏ ရှေ့သို့ ထိုးထွက်နေအောင် ရေးရသောကြောင့် ° အနွတ္ထသညာအားဖြင့် 'ဟထိုး' ဟု ခေါ်ခြင်းဖြစ်သည်။ မန်ကျည်းစေ့ကမ္ဘဝါစာလုံးများကို ကြည့်လျှင် သိသာထင်ရှားပါသည်။

ထိုသံယုတ်ဗျည်းလေးမျိုးတို့တွင် 'ယပင့်' ခေါ် ယပက်လက် ဗျည်းနှင့် ယှဉ်ကပ်နိုင်သော ဗျည်းတို့မှာ က–ဝဂ် ငါးလုံး၊ ပ–ဝဂ် ဗျည်းငါးလုံးအားဖြင့် (၁၀) လုံးရှိသည်။

ငင်းတို့မှာ – က၊ ခ၊ ဂ၊ ဃ၊ င (ကဝဂ်ငါးလုံး)
ပ၊ ဖ၊ ဗ၊ ဘ၊ မ (ပ–ဝဂ်ငါးလုံး) တို့ ဖြစ်ကြသည်။

တွဲပုံမှာ – က + ယ = ကျ
င + ယ = ငျ
ပ + ယ = ပျ
မ + ယ = မျ စသည်ဖြင့် တွဲရ သည်။

'ရရစ်' ခေါ် ရကောက်နှင့် ယှဉ်ကပ်နိုင်သော ဗျည်းမှာ လည်း အထက်ပါ (၁၀) လုံးပင် ဖြစ်သည်။

တွဲပုံမှာ – က + ရ = ကြ

င + ရ = ငြ
ပ + ရ = ပြ
မ + ရ = မြ စသည်ဖြင့် တွဲရသည်။

'ဝ–ဆွဲ' ခေါ် ဝ–သံယုတ်နှင့် ယှဉ်ကပ်နိုင်သော ဗျည်းတို့မှာ မြန်မာဘာသာ ဗျည်း (၃၅) လုံးတို့တွင် ဝ နှင့် အဆုံးအက္ခရာ ံ၊ ့၊ း ဗျည်းသုံးလုံး ပေါင်းလေးလုံးကို ပယ်၍ ကျန်သော ဗျည်း (၃၁) လုံးနှင့် တွဲနိုင်သည်။

တွဲပုံမှာ – က + ဝ = ကွ
မ + ဝ = မွ
လ + ဝ = လွ
သ + ဝ = သွ စသည်ဖြင့် တွဲရသည်။

'ဟ–ထိုး' ခေါ် ဟသံယုတ်နှင့် ယှဉ်ကပ်နိုင်သော ဗျည်းတို့မှာ ကိုးလုံးရှိသည်။ ၎င်းတို့မှာ–င၊ ည၊ ဏ၊ န၊ မ ဟူသော ဝဂ္ဂန္တငါးလုံးနှင့် ယ၊ ရ၊ လ၊ ဝ လေးလုံး ပေါင်းကိုးလုံးဖြစ်၏။

တွဲပုံမှာ – င + ဟ = ငှ
မ + ဟ = မှ
ယ + ဟ = ယှ
ဝ + ဟ = ဝှ စသည်ဖြင့် တွဲရသည်။

ဤယခုပြခဲ့သော သံယုတ်တွဲနည်းသည် ကျီးသဲဆရာတော်၏ နည်းဖြစ်သည်။ ဤအရာ၌ ရှေးဆရာတို့ အယူအဆ ကွဲပြားမှုများ ရှိသည်။ သံယုတ်ဗျည်းနှင့် ပတ်သက်၍ ဆရာတို့အယူအဆ ကွဲပြားမှုများကို သိရှိနိုင်ရန် အောက်၌ ဇယားဖြင့် တင်ပြလိုက်ပါသည်။

သံယုတ်ဗျည်း	သင်ပုန်းဋီ	ကျီးသဲမှု	ကျော်အောင်စံထား	လယ်တီမှု	ဖိုးစိန်မှု
ယ–သံယုတ်	၁၁	၁၀	၉	၁၄	၁၇
ရ–သံယုတ်	၁၀	၁၀	၉	၁၄	၁၇
ဝ–သံယုတ်	၃၁	၃၁	၃၂	၃၀	၂၅
ဟ–သံယုတ်	၉	၉	၉	၁၀	၁၀

အထက်ပါ သံယုတ်မှုကွဲများ၌ သင်ပုန်းကြီးဋီကာ၊ ကျော်အောင် စံထားနှင့် ကျီးသဲဆရာတော်တို့က ဋ္ဌကြီးကို ချန်လှပ်၍ ဟသံယုတ်နှင့် ယှဉ်ကပ်နိုင်သော ဗျည်းကိုးလုံးသာဆိုသည်။ ဤသို့ ဟသံယုတ်နှင့် ယှဉ်ကပ်နိုင်သော ဗျည်းများတွင် ဋ္ဌ–ကြီးကို မထည့်ဘဲ ချန်ထားခဲ့ခြင်းမှာ ဋ္ဌကြီးဟထိုး(ဋ္ဌ) သည် ပါဠိဘာသာ၌သာရှိ၍ မြန်မာဘာသာ၌ အသုံးမရှိသောကြောင့် ဖြစ်ပုံရပါသည်။

၎င်းပြင် ကျော်အောင်စံထားဆရာတော်က ဝ နှင့် ယှဉ်ကပ်သော ဗျည်း (၃၂) လုံး ယူသည်မှာ 'ဝ' ကို ထား၍ အဆုံးဗျည်း 'အ' အထိ ကျန်သော အက္ခရာအားလုံးကို ယူသဖြင့် (၃၂) လုံးရခြင်းဖြစ်သည်။

ကျီးသဲဆရာတော်က 'ဝ' နှင့် ယှဉ်ကပ်သော ဗျည်း (၃၁) လုံး ယူခြင်းမှာ "ထိုကာရန် ကြိယာတို့နှင့် ယှဉ်၍ ချရာ သော ဗျည်းကား 'အ' အက္ခရာကို ချန်လှပ်၍ (၃၂) လုံးတည်း" ဟူသော စကားအရ ယင်း (၃၂) လုံးမှ ဝနှင့်ဝချင်း ယှဉ်ကပ်ရိုး မရှိသဖြင့် 'ဝ' အက္ခရာကို ချန်ခဲ့လျှင် ကျန် (၃၁) လုံးရသော ကြောင့် ဆိုပုံရပါသည်။

တစ်ဖန် ကျီးသဲဆရာတော်က ယနှင့် ယှဉ်ကပ်သင့်သော ဗျည်း ၁၀ လုံးကိုသာ ယူခြင်းမှာ 'ကျ၊ ပျ' စသည်ကဲ့သို့ အသံ တစ်သံတည်းသာ ထွက်သော ဗျည်းကိုသာ ယူလိုပုံရပါ

သည်။ ကျ၊ ဂျ၊ ပျ၊ မျ စသော (၁၀) လုံးတို့သည် ယ နှင့် ယှဉ်ကပ်သော်လည်း အသံတစ်သံတည်းသာ ထွက်ပါသည်။ ကျန်သော ဈ၊ တျ၊ လျ စသည်တို့သည် စယ၊ တယ၊ လယ စသည်ဖြင့် အသံနှစ်သံထွက်နေသဖြင့် မတွဲသင့်ဟု ယူဆပုံရပါသည်။

❐

မြန်မာသင်ပုန်းကြီးနှင့် စပ်၍ ဝဇီရဗုဒ္ဓိဦးဖိုးစိန်၏အဆို

ရှေးမြန်မာသင်ပုန်းကြီးများ၌ ဗျည်း (၃၃) လုံး ရေတွက်ရာတွင် ဠ–ကြီးနောင် အ–ဟု ရှိသည်မှာ မသင့်ဟု ဝဇီရဗုဒ္ဓိဦးဖိုးစိန်က သင်ပုန်းကြီးဋီကာကို ကိုးကား၍ ဆို၏။

ကကာဒိ အာဒိဝုတ္တံ၊ တတ္ထကာဒိနိဂ္ဂဟိတန္တန္တိဒဋ္ဌဗ္ဗံ။ အ–ဗျည်းမရှိဟု မှတ်။

တစ်ပါးသော မြန်မာသင်ပုန်းကြီးများ၌ "အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အား" ဟူသော (၁၂) လုံးကို သရဟု ဆို၏။ အထက်ပါ စကား၌ တစ်ပါးသော မြန်မာသင်ပုန်းကြီးဟူသည် ကျော်အောင်စံထားမှ မြန်မာသင်ပုန်းကြီးကို ရည်ရွယ်ဟန်ရှိပါသည်။

ဝေါဟာရတ္ထပကာသနီကျမ်း၌ကား "က၊ ကာ ဣ ကျု ဒွေ့ဗျဉ္ဇနာ ပုဗ္ဗကာ၊ သရာပရာ။ –ကိ၊ ကီဣတျုဒွေ့ဥဒ္ဓံသရာ၊ ကုကူတျုဒွေ့အဓောသရာ–ကေ၊ ကဲဣတျုဒွေ့ပုဗ္ဗကာသရာ၊ ကောကော် ဣတျုဒွေ့ ဥဘယာသရာ၊ ကံ၊ ကားဣတျုဒွေ့ဗျဉ္ဇနာပရာ" ဟု ရှေးဆရာတို့ ဆိုသော ပါဌ်ကို ပြသည်။

ဤပါဠိ၏ အမိပ္ပာယ်မှာ က၊ ကာ ဟု ဆိုလျှင် ဗျည်းက ရှေ့၊ သရက နောက်နေသည်။

ကိ၊ ကီ ဟုဆိုလျှင် သရက အထက်နေသည်။

ကု၊ ကူ ဟုဆိုလျှင် သရက အောက်နေသည်။

ကေ၊ ကဲ ဟုဆိုလျှင် သရက ရှေ့နေသည်။

ကော၊ ကော် ဟုဆိုလျှင် သရက ရှေ့ရောနောက်ပါ နေသည်။

"ဤ ရှေးကျသော စကားကို ထောက်၍ သင်ပုန်းကြီး ဆရာသည် အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အားကို အသတ် တံခွန်မဲ့ ကာရန် (၁၂) အမှတ်ဖြင့် စီစဉ်ကြောင်း ထင်ရှား၏။ ထိုကြောင့် သေးသေးတင်နှင့် ဝစ္စပေါက်တို့သည် ဗျည်းဖြစ်သောကြောင့် သရထဲတွင် သွင်းသည်ကား မှား၏" ဟု ဝဇီရဗုဒ္ဓိဦးဖိုးစိန်က သင်ရိုးသရသံစဉ် (၁၂) ပါးကို ဝေဖန် သွား၏။

ရှေးဆရာတို့က သင်ရိုးသရသံစဉ် (၁၂) ပါးကို သရဟု ယူဆခဲ့ကြသော်လည်း ယင်းသရ သံစဉ် (၁၂) ပါးမှ အဆုံးဖြစ် သော "အံ၊ အား" တို့သည် သရမဟုတ် ဗျည်းများ ဖြစ်သည် ဟု ဆိုလို၏။ ဤအဆိုသည် ကျွန်ုပ်တို့ ပြခဲ့သော မြန်မာသင်ပုန်း ကြီး အက္ခရာရေတွက်ပုံ ဒုတိယနည်းနှင့် တစ်ထပ်တည်းကျကာ သဘောတူညီညွတ်လေသည်။

❒

မြန်မာသင်ပုန်းကြီးနှင့် ပုဂံဝန်ထောက် ဦးတင်အဆို

"မြန်မာဘာသာ၌ ဗျည်း (၃၃) လုံး ရှိရာတွင် အဆုံးဖြစ်သော 'အံ' ဗျည်းကို နုတ်ပယ်ရှားကြ၍ ယခုအခါ 'အ' အက္ခရာသက်သက်ကိုသာ လိုက်နာသင်ကြားနေရသည်မှာ အင်္ဂလိပ်မင်းလက်ထက် ပညာဌာနမှ စခဲ့သည်ဟု ယူရန် ရှိသည်။" မွန်ဘာသာ ယိုးဒယားဘာသာများမှာ ယခုထက်ထိ 'အံ' ဗျည်းကို လိုက်နာကြဆဲဖြစ်သည်။

ကဝိကဏ္ဌပါသကျမ်းတွင် နိဂ္ဂဟိတ်ဖြစ်သော အံ အက္ခရာကို ဗုဒ္ဓဝံသဗျည်းတွင်ထည့်သွင်းဖွင့်ပြသည်။ "ဝံသောဗုဒ္ဓနိဂ္ဂဟိတံ" ဟူ၍ လာသည်။ အကျယ်ကို သိလိုမူ ကဗျာဗန္ဓသာရကျမ်းမှာ ကြည့်လေ။

ပုဂံသင်ပုန်းကြီးဋီကာတွင် [၁] ကမချကို ဖော်ပြရာ…ကအစ အံအဆုံးရှိသည်ဟု ဖွင့်ပြသည်။ "တတ္ထ ကာဒိနိဂ္ဂဟိတန္တံဒဋ္ဌဗ္ဗံ" ဟူ၍ လာသည်။

၁။ ကမချသည် သက္ကတဘာသာရင်းမြစ်ဖြစ်ကြောင်း၊ သင်ရိုးသရသံစဉ် ၁၂ ပါးနှင့် ကအစရှိသော ဗျည်း ၃၂ လုံး တွဲသည်ကို ဆိုကြောင်း မြန်မာစာအဖွဲ့ထုတ် မြန်မာအင်္ဂလိပ် အဘိဓာန်၌ ဆိုသည်။

လိပိဒီပိကာကျမ်းတွင် မြန်မာလူမျိုးတို့ သုံးစွဲရိုး သရ (၁၁) လုံး၊ ဗျည်း (၃၅) လုံး ဖော်ပြသည်မှ အစပြု၍ 'အံ' ဟူသော နိဂ္ဂဟိတ်လုံးသေးတင်တိုင်းရှိရင်း ဗျည်း (၃၃) တွင် အံ့၊ အားပါ (၃၅) ဟု ဖော်ပြသည်။

ဗိန္ဒုဟူသော အံဝဏ္ဏမှာ ပါဠိဘာသာ သင်္ကာယကိုယ်နှင့် တူသည်။ အံဝဏ္ဏ၌ အောက်က 'အ' မှာ ပါဠိ ဘာသာ အတ္တ ကိုယ်နှင့် တူသည်။ ('အ' သည် မီရာဌာနဖြစ်၍ 'ံ' သည် မီတတ်သူ ဌာနီဖြစ်သည်ဟု ဆိုလို၏။)

ငင်းပြင် ဧ အက္ခရာတွင် ဝိသဇ္ဇနီနှစ်လုံးရေးမှ အေးဖတ် ရမြဲ၊ အယ်အက္ခရာတွင် ဝိသဇ္ဇနီနှစ်လုံး ရေးသားပူးတွဲမှ အဲး ဖတ်ရမြဲဖြစ်သည်။ ထိုဝိသဇ္ဇနီနှစ်လုံး မရေးသော်လည်း အေး အဲ ဖတ်ရန် လုံလောက်ပြီဟု အယူရှိ၍ ဝိသဇ္ဇနီကို နှုတ်ပစ်ကြ သည်။ ရှေးအခါက ဆရာယုဒသန်လောက်မှ နောက်ဆရာတို့မှာ မြန်မာစာမရင့်ရာ ရောက်သည်။ ဆရာယုဒသန် အဘိဓာန်မှာ မှန်ကန်စွာ ဝိသဇ္ဇနီပါသေးသည်။

ဝိသဇ္ဇနီရေးနည်းသည် ဗျည်းအက္ခရာတွင် ပါပုံများမှာ မြန်မာဘာသာ လိပိဒီပိကာကျမ်းတွင် လာသည်။ ဝိသဇ္ဇနီဗျည်း ကို ဖြုတ်ပစ်သည့်အတွက် အပြစ်ဖြစ်ပုံမှာ စာသင်သားသူငယ်များ ကို နားယောင်အောင် ဆောင်ရွက်ပြဋ္ဌာန်းရာကျသည်။ ကျပုံမှာ– ဧရာဝတီ၊ ဧကရီ၊ ဧကီစသော ဧသရပါသော အက္ခရာများမှာ ဝိသဇ္ဇနီမပါဘဲ ရေးရသော်လည်း ဧးချင်း၊ ဧးချမ်း၊ ဧးမြ စသော ဝေါဟာရများမှာ ဝိသဇ္ဇနီမပါဘဲ ရေးသည့်အခါ အခေါ်သညာ အမှတ်အသား ပျက်ယွင်းသည်။ ဝိသဇ္ဇနီဗျည်းမပါဘဲ ဝိဇ္ဇနီ သံဖတ်တမ်းဟု ပြဋ္ဌာန်းခဲ့လျှင် အမှန်းနှင့်အမှန်၊ အရမ်းနှင့် အရမ်၊ အကန်းနှင့်အကန် အယမ်းနှင့်အယံစသော ဝေါဟာရများသည်

သဘောသွား ချွတ်ယွင်းရာ ကျတော့သည်။ သည်ကဲ့သို့ ကွဲလွဲဖောက်ပြန်စေသည့် အရာသည် မြန်မာဘာသာကို မညှာတာမငဲ့ကွက် ဖျက်ဆီးရာ ရောက်သည်။

အထက်ပါ အဆိုအမိန့်များမှာ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း ပဥ္စမတွဲမှ ပုဂံဝန်ထောက်မင်းဦးတင်၏ အဆိုအမိန့်များဖြစ်သည်။ ပုဂံဝန်ထောက်မင်းဦးတင်၏ အထက်ပါအဆိုအမိန့်များကို ကောက်ချက်ချလိုက်သော်–

၁။ မြန်မာသင်ပုန်းကြီး ဗျည်း (၃၃) လုံးတွင် အဆုံးဗျည်းမှာ 'အ' မဟုတ်၊ 'အံ' ဗျည်း ဖြစ်သည်။

၂။ ဤသို့ အဆုံးအက္ခရာ 'အံ' ဗျည်းရှိခြင်းသည် သင်ပုန်းကြီးဋီကာ ကစ္စည်းသဒ္ဒါတို့နှင့်လည်း ညီညွတ်သည်။

၃။ မြန်မာဘာသာ 'အေး' ဟု အသံထွက်လိုလျှင် အက္ခရာ 'ဧ' ကို ဝိသဇ္ဇနီထည့်ရေးမှ အမှန်ဖြစ်မည်။ 'အဲ' အသံထွက်လိုလျှင်လည်း နောက်ပစ် သို့မဟုတ် ယသတ်တွင် ဝိသဇ္ဇနီထည့်ရေးမှ အမှန်ဖြစ်မည်။

ဥပမာ–ဧး၊ အဲး၊ အယ်း။ ထို့ကြောင့် ဧချင်း၊ ဧချမ်း၊ ဧမြ စသည်ရေးလျှင် ဝိသဇ္ဇနီနှင့် ဧးချင်း၊ ဧးချမ်း၊ ဧးမြ စသည်ဖြင့် ရေးမှ အမှန်ဖြစ်မည်။

၄။ လိပိဒီပိကာကျမ်းတွင် ဝိသဇ္ဇနီကို ဗျည်းအက္ခရာမှာ ပြထားသည်။

၅။ နိဂ္ဂဟိတ်မည်သော ံ (အံ) ကိုလည်း ကစ္စကဏ္ဍပါသကျမ်းမှာ ဗျည်းအက္ခရာမှာ ပြထားသည်။

ဤသို့လျှင် ပုဂံဝန်ထောက်မင်းဦးတင်၏ အထက်အဆိုများသည်လည်း ကျွန်ုပ်တို့ တင်ပြခဲ့သော မြန်မာသင်ပုန်းကြီး သရ (၁၁) လုံး ဗျည်း (၃၅) လုံး ယူဆချက်တို့နှင့် မကွဲမပြားတသားတည်း တူညီနေကြောင်းကို သိရှိနိုင်ပါသည်။

❑

အသတ် (၁၁) ပါး

မြန်မာသင်ပုန်းကြီး၌ အသတ် (၁၁) ပါးရှိသည်။ ၎င်းတို့မှာ –

ကသတ် – (က်)
ငသတ် – (င်)
စသတ် – (စ်)
ညကြီးသတ် – (ည်)
ဉကလေးသတ် – (ဉ်)
တသတ် – (တ်)
နသတ် – (န်)
ပသတ် – (ပ်)
မသတ် – (မ်)
ယသတ် – (ယ်)
ဝသတ် – (ဝ်) တို့ ဖြစ်ကြသည်။

မွန်ဘာသာ၌ကား စသတ် ညသတ်နှစ်မျိုးမပါဘဲ ဟသတ်တိုးလာသဖြင့် အသတ် (၁၀) ပါးသာ ရှိသည်။

မြန်မာဘာသာ အသတ် (၁၁) ပါးတို့တွင် ညကြီးသတ်သည် 'အီ' သံထွက်ရသည်။ ဥကလေးသတ်သည် သေတ်သံ (အင်သံ) ထွက်ရသည်။ ယသတ်သည် နောက်ပစ်သံ (အယ်) သံထွက်ရသည်။ ဝသတ်သည် ဩော် (အော်) သံထွက်ရသည်။ သို့သော် ယခုအခါ၌ ဝသတ်အသုံးမရှိတော့ပြီ။ ရှေးရေးသတ်စုံရေးနည်းစာများ၌သာ သောဝ်-တို့ဝ် စသည်ဖြင့် တွေ့ရတော့သည်။

ယင်းအသတ် (၁၁) မျိုးတွင် က်၊ စ်၊ တ်၊ ပ် အသတ်လေးမျိုးသည် သရသံကို တိုစေသည်။ င်၊ ည်၊ ဉ်၊ န်၊ မ်၊ ယ်၊ ဝ် ဤအသတ်ခုနစ်မျိုးသည် သရသံကို ရှည်စေသည်။ လက်တွေ့ရွတ်ဖတ်ကြည့်လျှင် သိရပါမည်။

❒

မြန်မာဘာသာ လုံးဆင့်ဗျည်းများ

မြန်မာသင်ပုန်းကြီးတွင် အထက်အခန်း (ငါး) ၌ ပြခဲ့သော ဗျည်းတွဲ (သံယုတ်ဗျည်း) များအပြင် လုံးဆင့်ဗျည်းများလည်း ရှိသေးသည်။ လုံးဆင့်ဗျည်းဆိုသည်မှာ သံယုတ်ဗျည်းများကဲ့သို့ ယှဉ်ကပ်ခြင်းမျိုး မဟုတ်ဘဲ ဗျည်းတစ်လုံးနှင့်တစ်လုံး ဆင့်ထပ်ထားသော ဗျည်းများကို ဆိုခြင်းဖြစ်သည်။ ရှင်းအောင်ပြောရလျှင် သံယုတ်ဗျည်းသည် ဘေးတိုက်ကပ်ခြင်း၊ ဆင့်ထပ်ဗျည်းသည် ထောင်လိုက်ကပ်ခြင်းဖြစ်သည်။

ဥပမာ–က္က၊ က္ခ၊ ဂ္ဂ၊ ဂ္ဃ စသည်မျိုးတို့ဖြစ်သည်။

ဤသို့ ဗျည်းများကို ဆင့်ထပ်ရာ၌လည်း ဆင့်ချင့်တိုင်း ဆင့်ထပ်၍ မရပေ။ စာလုံးဆင့် စည်းကမ်းများရှိသည်။ ယင်း ဆင့်ထပ် စည်းကမ်းအတိုင်းသာ ဆင့်ထပ်ရသည်။ ယင်းဆင့်ထပ် စည်းကမ်းကို မပြမီ စည်းကမ်းကို မှတ်သားရ လွယ်ကူစေခြင်း အကျိုးငှာ ဤကျမ်းအခန်း (လေး) စာမျက်နှာ (ခုနစ်) ၌ ပြဆိုခဲ့သော ဗျည်းအုပ်စုအခေါ်အဝေါ်နှင့် သရုပ်သဏ္ဍာန်များကို ရှေးဦးစွာ သိထားသင့်ပါသည်။ မမှတ်မိက ပြန်လည်ကြည့်ရှု ပါ။

ယင်းသို့ ဗျည်းအုပ်စုအခေါ်အဝေါ်များကို သိရှိပြီးသော် ယင်းမှ ဝဂ်ဗျည်း (၂၅) လုံးတို့၏ လုံးဆင့်စည်းကမ်းများကို ရှေးဦးစွာ ပြပါမည်။

ဤဝဂ်ဗျည်းငါးလုံးစီတို့တွင် မိမိဝဂ်၏ ပထမက္ခရာ၊ တတိယက္ခရာနှင့် ပဥ္စက္ခရာတို့သည် မိမိတို့အချင်းချင်း ဆင့်နိုင်သည်။

ဥပမာ – က္က၊ ဂ္ဂ၊ ငှ
စ္စ၊ ဇ္ဇ၊ ည
ဋ္ဋ၊ ဍ္ဍ၊ ဏ္ဏ
တ္တ၊ ဒ္ဒ၊ န္န
ပ္ပ၊ ဗ္ဗ၊ မ္မ တို့ဖြစ်ကြသည်။

(မှတ်ချက်) ပဉ္စမက္ခရာချင်းဆင့်နိုင်သည် ဆိုသော်လည်း ငအချင်းချင်း ဆင့်သည်ကို ပါဠိ မြန်မာ နှစ်ဘာသာလုံး၌ မတွေ့ဖူးပေ။

ပြယုဂ်ကား –	အက္က	(နေ)
	အဂ္ဂ	(အမြတ်၊ အဖျား)
	အစ္စယ	(အပြစ်အဆာ)
	အဇ္ဇ	(ယနေ့၊ ယခု)
	အည	(အခြား၊ တပါး)
	အဋ္ဌ	(ပြအိုး)
	အဍ္ဍ	(တရားအမှုအခင်း)
	အဏ္ဏ	(ရေ)
	အတ္တ	(ကိုယ်၊ မိမိ)
	အဒ္ဒ	(စွတ်စိုခြင်း)
	အန္န	(ထမင်း၊ အစာ)

အပ္ပ (အနည်းငယ်)
ပဗ္ဗတ (တောင်)
အမ္ဗ (အမိ၊ မိခင်)

ပထမက္ခရာနှင့် ဒုတိယက္ခရာ၊ တတိယက္ခရာနှင့် စတုတ္ထစက္ခရာတို့သည် ဆင့်နိုင်သည်။ ယင်းသို့ ဆင့်ရာ၌ ပထမက္ခရာသည် ဒုတိယက္ခရာ၏ အထက်၌နေ၍ တတိယက္ခရာသည် စတုတ္ထက္ခရာ၏ အထက်ကနေမြဲ။

ဥပမာ – က္ခ၊ ဂ္ဃ
စ္ဆ၊ ဇ္ဈ
* ဋ္ဌ ဍ္ဎ
တ္ထ ဒ္ဓ
ပ္ဖ ဗ္ဘ တို့ဖြစ်ကြသည်။

(မှတ်ချက်)– ဋ္ဌသည် ဋ နှင့် ဌ ကို ဆင့်ထားသော လုံးဆင့်ဗျည်း ဖြစ်သည်။

ပြယုဂ်ကား – အက္ခ (အံစာ)၊ အဂ္ဃ (တန်ဖိုး)
အစ္ဆ (ဝံသတ္တဝါ)၊ အဇ္ဈာသယ (အလိုဆန္ဒ)
အဋ္ဌ (ရှစ်ခု)၊ အဍ္ဎ (ထက်ဝက်)
အတ္ထ (အကျိုးစီးပွား) အဒ္ဓါ (ခရီး၊ အခွန့်)
ပုပ္ဖ (ပန်း)၊ အဗ္ဘ (တိမ်တိုက်)

ဝဂ်ငါးခုတို့၏အဆုံး (ဝဂ္ဂန္တ) ဖြစ်သော ပဉ္စမက္ခရာငါးလုံး (င၊ ဉ၊ ဏ၊ န၊ မ) တို့သည် မိမိဝဂ်၏ ရှေ့အက္ခရာ လေးလုံးတို့နှင့် ဆင့်နိုင်သည်။ ယင်းသို့ ဆင့်သောအခါ ဝဂ္ဂန္တဖြစ်သော ပဉ္စမက္ခရာငါးလုံးသည် အထက်ကနေမြဲဖြစ်သည်။

ဥပမာ – င်္က၊ င်္ခ၊ င်္ဂ၊ င်္ဃ
ဉ္စ၊ ဉ္ဆ၊ ဉ္ဇ၊ ဉ္ဈ

ဏ္ဋ၊ ဏ္ဌ၊ ဏ္ဍ၊ ဏ္ဎ
န္တ၊ န္ထ၊ န္ဒ၊ န္ဓ
မ္ပ၊ မ္ဖ၊ မ္ဗ၊ မ္ဘ တို့ဖြစ်ကြသည်။

(မှတ်ချက်) – ဝဂ္ဂန္တဖြစ်သော င၊ ဉ၊ ဏ၊ န၊ မ ငါးလုံး တို့သည် မိမိဝဂ်၏ ရှေ့အက္ခရာလေးလုံးတို့နှင့် ဆင့်နိုင်သည် ဆိုသော်လည်း ဏကြီးနှင့် ဗရေမှုတ်ဆင့်သည်ကို ပါဠိမြန်မာ နှစ်ဘာသာလုံး၌ မတွေ့ဖူးပေ။

ပြယုဂ်ကား– အင်္က (အမှတ်တံဆိပ်)
ကင်္ခါ (ယုံမှားသံသယ)
အင်္ဂ (အစိတ်အပိုင်း)
သင်္ဃ (ရဟန်းသံဃာ)
} င–ဝဂ္ဂန္တနှင့်ဆင့်ပုံ

စိဉ္စ (မန်ကျည်းပင်)
ဥဉ္ဆ (ဆွမ်းခံလှည့်ခြင်း)
ကုဉ္ဇရ (ဆင်ပြောင်)
ဝိဉ္ဈာ (ဝိဉ္ဈာတောအုပ်)
} ဉဝဂ္ဂန္တနှင့်ဆင့်ပုံ

ကဏ္ဋက (စိုင်သတ္တဝါ)
ကဏ္ဌ (လည်ပင်း)
အဏ္ဍ (အဥ)
} ဏဝဂ္ဂန္တနှင့် ဆင့်ပုံ

တန္တ (ချည်မျှင်)
ပန္ထ (ခရီး)
ဆန္ဒ (လိုအင်)
အန္ဓ (အကန်း၊ အမိုက်တိုက်)
} နဝဂ္ဂန္တနှင့် ဆင့်ပုံ

သမ္မယုတ္တ (ယှဉ်ခြင်း) သမ္မပ္ပလာပ (သိန်ဖျင်းသောစကား) အမ္ဗ (သရက်သီး) ထမ္ဘ (တိုင်)	မဝဂ္ဂန္တနှင့် ဆင့်ပုံ

□

လုံးဆင့်စည်းကမ်းနှင့် အက္ခရာအဖိုအမ ခွဲပုံ

စာလုံးဆင့်ရာ၌ ဝဂ်အက္ခရာ (၂၅) လုံးတို့တွင် ပထမက္ခရာ ငါးလုံး၊ တတိယက္ခရာငါးလုံး ပေါင်း (၁၀) လုံးတို့သည် အဖိုအက္ခရာမည်ကုန်၏။

ဒုတိယက္ခရာငါးလုံး စတုတ္ထက္ခရာငါးလုံး ပေါင်း (၁၀) လုံးတို့သည် အမ–အက္ခရာမည်ကုန်၏။

ပဉ္စမက္ခရာ ငါးလုံး (င၊ ဉ၊ ဏ၊ န၊ မ) တို့သည် အဖိုလည်း မဟုတ်၊ အမလည်း မဟုတ်သော နပုံး အက္ခရာမည်ကုန်၏။

စာလုံးဆင့်ရာ၌ အဖိုအက္ခရာချင်း ဆင့်ကောင်း၏။

အမ–အက္ခရာချင်း မဆင့်ကောင်း။

နပုံးအက္ခရာ ငါးလုံးတို့သည်ကား မိမိတို့အချင်းချင်းလည်း ဆင့်ကောင်း၏၊ တစ်ပါးသော ဝဂ်အက္ခရာတို့နှင့်လည်း ဆင့်ကောင်း၏။

ယင်းသို့ အက္ခရာတို့ကို အဖိုအမခွဲခြားခြင်းကို စာလုံးဆင့်သောအခါ အထက်ကနေသော အက္ခရာကို အဖို၊ အောက်ကနေသော အက္ခရာကို အမဟု ခေါ်ကြောင်း ကဝိကဏ္ဌပါသကျမ်းက ဆိုသတည်း။

❒

အဝဂ်ဗျည်း (၁၀) လုံးတို့၏ လုံးဆင့် စည်းကမ်း

ဝဂ်ဗျည်း (၂၅) လုံးတို့၏ လုံးဆင့်စည်းကမ်းကို သိရှိပြီး နောက် အဝဂ်ဗျည်း (၁၀) လုံးတို့၏ လုံးဆင့်စည်းကမ်းများကို လည်း သိရှိထားသင့်ပေသည်။ အဝဂ်ဗျည်း (၁၀) လုံး သရုပ်ကို မမှတ်မိလျှင် အခန်း (လေး) ၌ ပြန်ကြည့်ပါ။

အဝဂ်ဗျည်း (၁၀) လုံးတို့တွင် ယ၊ လ၊ ဝ၊ သ လေးလုံး တို့သည် မိမိတို့ချင်း ဆင့်နိုင်သည်။

ဥပမာ – ယျ၊ လ္လ၊ ဗ္ဗ၊ သသတို့ ဖြစ်ကြသည်။

ပြယုဂ်ကား – အယျ (အရှင်မ) အာလုပ်စကား
ကလ္လ (ညွန်)
ဥဒယဗ္ဗယ (အဖြစ်နှင့် အပျက်)
အဿ (မြင်း)

(မှတ်ချက်) ဝ–နှစ်လုံးဆင့်နိုင်သည် ဆိုသော်လည်း ဝ နှစ်လုံးဆင့်သည်ကို မတွေ့ဖူး၊ ဝ၏ ကာရိယ (ရုပ်ပြောင်း) ဖြစ်သော 'ဗ' နှစ်လုံး ဆင့်သည်ကိုသာ တွေ့ဖူးသည်။ အထက်ပါ 'ဥဒယဗ္ဗယ' ပြယုဂ်၌ ဗ–နှစ်လုံးသည် ဝ–နှစ်လုံးမှ ဖြစ်လာသော ဝွ > ဗ္ဗ ကာရိယဖြစ်၏။ ဿကို သကြီး ခေါ်သည်။ ဤ၌ ဿ သည် သ နှစ်လုံးကို စည်းကမ်းအတိုင်း ဆင့်တပ်ထားခြင်း မဟုတ်၊ ယှဉ်ကပ်ထားခြင်းသာ ဖြစ်သည်။ စည်းကမ်းအတိုင်း

ဆင့်ထပ်ထားလျှင် ဿ ဟု ရေးရမည်ဖြစ်ရာကြည့်၍ မကောင်း သဖြင့် ကြည့်ကောင်းစေရန် ဿဟု ယှဉ်ကပ်ရေးပုံရပါသည်။ သို့ရာတွင် မန်ကျည်းစေ့ကမ္ဗဝါစာများ ရေးရာ၌ကား 'သ' နှစ်လုံး ကို ဆင့်ထပ်၍ ရေးသည်များကိုလည်း တွေ့ရပါသည်။ ကျန်သော 'ရ၊ ဟ၊ ဠ၊ ံ၊ ့၊ း' ဟူသော အဝဂ်ဗျည်းခြောက်လုံးတို့ကား အချင်းချင်းဆင့်ရိုး မရှိပါ။

❑

မြန်မာဘာသာ ဗျည်းအထူးနှင့် သရတွဲပုံများ

မြန်မာဘာသာ ဗျည်းအထူးဟူသည် –ံ (အံဗျည်း) –့ (အောက်မြစ်ဗျည်း) နှင့် –း (ဝိသဇ္ဇနီဗျည်း) တို့ကို ခေါ်ခြင်း ဖြစ်သည်။ ဤသုံးလုံးကို ဗျည်းအထူးဟု ခေါ်ရခြင်းမှာ ယင်းတို့ ကို မြန်မာအများစုက ဗျည်းဟု မသိကြသောကြောင့် ဗျည်းအထူး ဟု ခေါ်ခြင်းဖြစ်သည်။

မြန်မာသင်ပုန်းကြီး၌ –ံ ဗျည်းကို မြန်မာလို သေးသေး တင်၊ ပါဠိလို ဗိန္ဒု သို့မဟုတ် နိဂ္ဂဟိတ်ဟု ခေါ်သည်။ သက္ကတ လို 'အနုသွာရ' ခေါ်သည်။ ယင်း –ံ သည် ဗျည်းဖြစ်၍ သူ့ချည့် သက်သက် အသံထွက်၍ မရ၊ သရနှင့် တွဲမှ အသံထွက်၍ ရသည်။ သရတွင်လည်း 'အ၊ ဣ၊ ဥ' ဟူသော ရဿသရသုံးလုံး နှင့်သာ တွဲရသည်။

ဥပမာ– အံ၊ ဣံ၊ ဥံ

ကံ၊ ကိံ၊ ကုံ စသည်တို့ဖြစ်သည်။

–့ ကို မြန်မာလို အောက်မြစ်၊ သို့မဟုတ် အမြစ်ဟု ခေါ်သည်။ ပါဠိလို ပဋိသေဓနိယ ခေါ်သည်။ ပဋိသေဓနိယ– ဟူသည် တားမြစ်ခြင်း အဓိပ္ပာယ်ရသည်။ အဘယ်ကို တားမြစ်

သနည်းဟူမူ ဒီဃသံ (သံရှည်) ကို ရှည်မသွားအောင် တားမြစ်သည်။ ယင်း ့ ဗျည်းကို "အာ၊ အီ၊ အူ၊ အေ၊ အဲ၊ အော၊ အော်၊ အို" ဟူသော ဒီဃသရရှစ်လုံးနှင့် တွဲနိုင်သည်။

ဥပမာ– ငါ့၊ ညီ့၊ သူ့၊ ဖေ့၊ မဲ့၊ မော့၊ တော့်၊ ပျို့ စသည်တို့ ဖြစ်၏။

ပြယုဂ်ကား – ငါ့တိုင်းပြည် ၊ ညီ့ဥစ္စာ (ညီငယ်က သူကိုယ်ကို ပြောသောစကား) သူ့စကား၊ ဖေ့သားမောင်၊ အမယ့် သမီး၊ ကျွန်တော့်တာဝန်၊ အပျို့လင် စသည်။

ဤအောက်မြစ်သည် နာမ်ပုဒ်နှင့်တွဲလျှင် များသောအားဖြင့် ပိုင်ရှင် (သမ္ဗန္ဓ) အနက်ကိုလည်း ထွန်းပြသည်။ အထက်ပြယုဂ် များ၌–

ငါ့တိုင်းပြည်	=	ငါ၏တိုင်းပြည်
ညီ့ဥစ္စာ	=	ညီ၏ ဥစ္စာ (ညီဖြစ်သူက သူကိုယ်သူ ပြောသော နာမ်စား)
သူ့စကား	=	သူ၏စကား
ဖေ့သားမောင်	=	အဖေ၏သားမောင်
အမယ့်သမီး	=	အမယ်၏သမီး (ယသက်နှင့် နောက်ပစ် အနက်တူ)
ကျွန်တော့်တာဝန်	=	ကျွန်တော်၏တာဝန်
အပျို့လင်	=	အပျို၏လင်။ စသည်တို့၌ အောက်မြစ်ပါသော ပုဒ်၏ ပိုင်ရှင်အဖြစ်ကို ညွှန်ပြနေကြပေသည်။

–း ကို မြန်မာလို ဝစ္စပေါက်၊ ဝစ္စနှစ်လုံးပေါက်၊ ရှေ့က ပေါက်၊ ရှေ့က နှစ်လုံးပေါက်ဟူ၍ အမျိုးမျိုးခေါ်ကြသည်။ အသံကို

ဖွင့်၍ လွှတ်၍ ဆိုရသောကြောင့် ပါဠိလို ဝိသဇ္ဇနီယ ခေါ်သည်။ ပညာရှင်တို့ကမူ "ရှေ့ဆီး" ဟူ၍လည်း သုံးကြသည်။ ယင်း –း ဗျည်းကို –့ ဗျည်းကဲ့သို့ပင် ဒီဃသရရှစ်လုံးနှင့် တွဲနိုင်သည်။ ပြယုဂ်ကိုကား မထုတ်လိုက်တော့ပြီ။

❒

ရှေးခေတ်သုံး မြန်မာဘာသာဗျည်း (၁၉) လုံး

ပါဠိသက္ကတကို အခြေခံသော မြန်မာသင်ပုန်းကြီး၌ ဗျည်း (၃၅) လုံး ရှိသည်ဟု ယူဆခဲ့ကြသော်လည်း ရှေးဟောင်း (ကျောက်စာခေတ်ကို ဆိုလိုပုံရပါသည်) မြန်မာစာ၌ အက္ခရာ ဗျည်း (၁၉) လုံးသာ မြန်မာဘာသာစစ်စစ်၌ သုံးရိုးသုံးစဉ် ရှိသည်။

ငင်းတို့မှာ က၊ ခ၊ င
စ၊ ဆ၊ ည
တ၊ ထ၊ န
ပ၊ ဖ၊ မ
ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ အ တို့ ဖြစ်ကြသည်။

ကျန်အက္ခရာများမှာ ပါဠိဘာသာ၌သာ သုံးစွဲရိုးရှိသည်ဟု ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီ ကျမ်းမှာ ဆိုသည်။

ဤ၌–က၊ စ၊ တ၊ ပ လေးလုံးသည် ညှင်းညှင်းသာသာ ရွတ်အပ်သော သိထိလအက္ခရာမည်၏။ ခ၊ ဆ၊ ထ၊ ဖ လေးလုံး သည် တင်းတင်းမာမာ ရွတ်အပ်သော ဓနိတအက္ခရာမည်၏။

❐

ကင်းစီးဟူသည်

ကင်းစီးဟူသည် က၊ ခ၊ ဂ၊ ဃ၊ င ဟူသော ကဝဂ် ဗျည်းငါးလုံးတွင် ဝဂ္ဂန္တ (ဝဂ်အဆုံး) ဖြစ်သော င–ဗျည်းနှင့် ရှေ့လေးလုံးဆင့်ရာ၌ လုံးဆင့်စည်းကမ်းအရ အထက်ကနေသော သရမဲ့ င–ဗျည်းကို ခေါ်ခြင်းဖြစ်သည်။ ယင်း င–ဗျည်း၌ သရ မပါသောကြောင့် သရမဲ့ကြောင်းကို သိစေရန် င–ဗျည်းအပေါ်မှ အသတ် (တံခွန်) ထည့်ထားခြင်းဖြစ်သည်။ ယင်းတံခွန်ကို 'အသတ်' ဟု ခေါ်ရခြင်းမှာ မိမိအောက်၌ရှိသော ဗျည်းမှ 'အ' သရကို သတ်လိုက်သကဲ့သို့ဖြစ်သောကြောင့် 'အသတ်' ဟု ခေါ်ခြင်း ဖြစ်သည်။ ဤ၌ ဂင်္ဂါမြစ်ကို ရေးလိုလျှင် ဂင်္ဂါမြစ်ဟု ရေးရမည် ဖြစ်သော်လည်း ဤသို့ ရေးလျှင် ကင်စီးစာလုံးက အထက်သို့ ထိုးထွက်နေရာ စာလုံးက ရှေ့နောက်မညီ ကြည့်၍ မလှ ဖြစ်နေပေသည်။ ထို့ကြောင့် ကြည့်၍ လှပကောင်းမွန်စေရန် င် (ငသတ်) ကို အပြည့်မရေးဘဲ ် ဤသို့ ငသတ်ကို ချုံ့၍ရေး ခြင်းကို ရှေးကျောက်ရေး ဆရာတို့ တီထွင်ခဲ့ကြခြင်း ဖြစ်ပုံရသည်။

ကင်းစီး၏ ပြယုဂ်တို့မှာ

အင်္ဂါ (အမှတ်တံဆိပ်)

ကင်္ခါ (ယုံမှားသံသယ)

ဘင်္ဂ (ပျက်စီးခြင်း၊ ဘင်ခဏ)

သိင်္ဃာနိက (နှပ်) စသည်တို့ ဖြစ်၏။

❐

ကင်းစီးအတု

အထက်ပါပြယုဂ်တို့ကား ကင်းစီးအစစ်များ ဖြစ်ကြ၏။ သို့ရာတွင် ကင်းစီးအတုများလည်း ရှိသေး၏။ ကင်းစီးအတု ဟူသည် ကင်းစီးအစစ်ကဲ့သို့ ကဝဂ်၏ ရှေ့လေးလုံးအပေါ်၌ သရမဲ့သော ငဗျည်း (ငသတ်) ကို တင်ခြင်း မဟုတ်ဘဲ က၊ ခ၊ ဂ၊ ဃ လေးလုံးမှ တစ်ပါးသော အခြားဗျည်းများအပေါ်သို့ င–သတ်ကို တင်ခြင်းကို ခေါ်သည်။

ပြယုဂ်မှာ–သင်္ဘော၊ ခြင်္သေ့၊ သင်္ချိုင်း၊ အင်္ဂလိပ် စသည်တို့ ဖြစ်၏။

ထို့ကြောင့် စာသင်သားတို့ မှတ်ထားရမည်မှာ ကင်းစီးဟူသည် က၊ ခ၊ ဂ၊ ဃ လေးလုံးအပေါ်သို့ သရမဲ့သော ငဗျည်း (င–သတ်) ကို တင်ခြင်းသာ ကင်းစီးအစစ်ဖြစ်သည်။ ယင်းလေးလုံးမှ တပါးသော အခြားဗျည်းများပေါ်သို့ ငသတ်တင်ခြင်းကို ကင်းစီးအတုဟု မှတ်လေ။

❒

ဝိုက်ချနှင့် မောက်ချ

မြန်မာသင်ပုန်းကြီးတွင် ရေးချဟူသည် ဝိုက်ချနှင့် မောက်ချ ဟူ၍ နှစ်မျိုးရှိသည်။

ထိုနှစ်မျိုးတွင် ဝိုက်ချ ဟူသည် ဝိုင်း၍ ဝိုက်၍ ချသော ရေးချကို ဆိုသည်။

ဥပမာ – က + ာ = ကာ

ည + ာ = ညာ စသည်။

မောက်ချဟူသည် မို၍ မောက်၍ ချသော ရေးချကို ဆိုသည်။

ဥပမာ – ခ + ါ = ခါ

ဂ + ါ = ဂါ

င + ါ = ငါ စသည်။

မြန်မာသင်ပုန်းကြီး၌ ဝိုက်ချစည်းကမ်း မောက်ချစည်းကမ်း ဟူ၍ ရှိသည်။

ယင်းစည်းကမ်းမှာ

ခ၊ ဂ၊ င၊ ဒ၊ ပ၊ ဝ ဤအက္ခရာခြောက်လုံးမှာ မောက်ချကိုသာ သုံးရသည်။

ဥပမာ–ခါ၊ ဂါ၊ ငါ၊ ဒါ၊ ပါ၊ ဝါ တို့ ဖြစ်ကြသည်။

ယင်းခြောက်လုံးကို မောက်ချသုံးရခြင်းမှာ အကယ်၍ ဝိုက်ချ သုံးခဲ့လျှင် –

ခခွေးဝိုက်ချသည် ဆလိမ်နှင့် ယိုးမှားစရာရှိသည်။

ဂငယ်ဝိုက်ချသည် ကကြီးနှင့် ယိုးမှားစရာရှိသည်။

ငဝိုက်ချသည်လည်း ကကြီးနှင့် ယိုးမှားစရာရှိသည်။

ဒထွေးဝိုက်ချသည် အ–နှင့် ယိုးမှားစရာရှိသည်။

ပစောက်ဝိုက်ချသည် ဟနှင်ယိုးမှားစရာရှိသည်။

ဝလုံးဝိုက်ချသည် တဝမ်းပူနှင့် ယိုးမှားစရာရှိသည်။

ထိုသို့ ယိုးမှားစရာ သံသယဒေါသများရှိသောကြောင့် ယင်းအက္ခရာခြောက်လုံးကို မောက်ချသုံးရခြင်းဖြစ်သည်။ ကျန်အက္ခရာအားလုံးကိုမူ ဝိုက်ချကိုသာ သုံးရသည်။

အောက်ပါဆောင်ပုဒ်ကလေးကို ကျက်မှတ်ထားပါ။

“ခခွေး၊ ဂငယ်၊ ငနှင့်သာ၊ ဒထွေး ပစောက်၊ ဝလဲပါ။ အက္ခရာခြောက်လုံး၊ မောက်ချကိုသာ သုံး။ ဝိုက်ချသုံးလျှင် သံသယဝင် မှန်ပင်မှတ်ကြမင်း။”

❐

ညကြီးနှင့် ဉကာလေး

မြန်မာသင်ပုန်းကြီး၌ ညကြီးသာရှိသည်။ ဉကာလေးမရှိ။ ဉကာလေးသည် ပါဠိဘာသာ၌သာ ရှိသည်။ သို့ရာတွင် ဉကာလေး သတ်အနေဖြင့်မူ အစဉ်၊ ယာဉ် စသည်တို့၌ ဉကာလေးသတ် ရှိသည်။ ဤဉကာလေးသတ်သည်လည်း နောက်ပိုင်းကျမှ ဖြစ်လာ ပုံရပါသည်။ ရှေးကျသော မြန်မာစာအရေးများ၌မူ အစည်ထာဝရ သေည်လည်ကြောင်မင်း၊ ရေအလျည် စသည်တို့၌ ညကြီးသတ်စုံ ဖြင့်ပင် ရေးကြသည်။ ပါဠိဘာသာ၌မူ ညကြီးဉကာလေးနှစ်မျိုး လုံး ရှိသည်။ ပါဠိဘာသာ၌ စ–ဝဂ္ဂန္တ (စဝဂ်အဆုံး) သည် ဉကာလေးသာ ဖြစ်သည်။ ည ဟု ညကြီးနှင့်ရှိလျှင် ဉကာလေး နှစ်လုံးဆင့် (ညသံယုတ်) ဖြစ်ကြောင်း သိရမည်။ ဥပမာ– အညမည၊ ကညာ၊ ပညာ၊ သညာ ပုဂ္ဂလပညတ်စသည်တို့ ဖြစ်၏။

သုဒ္ဓနှင့် ကာရိုက်

သဒ္ဒါကျမ်းတို့၌ စေခိုင်းခြင်း (အာဏတ္တိ) သဘောမပါသော ကြိယာကို 'သုဒ္ဓကြိယာ' စေခိုင်းခြင်း (အာဏတ္တိ) သဘောပါသော ကြိယာကို 'ကာရိုက်ကြိယာ' ဟု ကြိယာနှစ်မျိုး နှစ်စားရှိ၏။

ယင်းကာရိုက်ကြိယာနှင့် ပတ်သက်၍ "ပထမက္ခရာ ကာရိုက်ပါ၊ ဒုမှာရင်းငုတ်" ဟု မြန်မာဘာသာ၌ ရှေးဆရာတို့ စည်းကမ်းထားခဲ့ကြသည်။ အဓိပ္ပာယ်မှာ စေ–ဟူသော ကာရိုက်သံပါသော ပထမက္ခရာနှင့် စေ ဟူသော ကာရိုက်သံမပါသော ဒုတိယက္ခရာတို့သည် အဓိပ္ပာယ်အတူတူ ဖြစ်သည်ဟု ဆိုလို၏။

ပြယုဂ်ကား–

ပထမက္ခရာ (ကာရိုက်)	**ဒုတိယက္ခရာ (သုဒ္ဓ)**
ကျစေသည်	ချသည်
ကျောစေသည်	ချောသည်
ကျဲစေသည်	ချဲသည်
ပေါ့စေသည်	ဖော့သည်
ပျော်စေသည်	ဖျော်သည်
ပျက်စေသည်	ဖျက်သည်
ပျောက်စေသည်	ဖျောက်သည်

ပြဲစေသည်	ဖြဲသည်
ကွာစေသည်	ခွာသည်
ကွဲစေသည်	ခွဲသည်
ပွစေသည်	ဖွသည် စသည်တို့ ဖြစ်

၏။

ငင်းပြင် ဟထိုးပါမပါအားဖြင့်လည်း သုဒ္ဓနှင့် ကာရိုက် ခွဲခြားနိုင်သေးသည်။ ထို့ကြောင့် ဟထိုးမပါလျှင် ကာရိုက်၊ ဟထိုး ပါလျှင် သုဒ္ဓဟူ၍လည်း ဆို၍ရပါသည်။ ဟထိုးသည် သဒ္ဒါ စည်းကမ်းအရ င၊ ည၊ ဏ၊ န၊ မ ဟူသော ဝဂ္ဂန္တငါးလုံး တို့နှင့်သာ တွဲနိုင်သည်။

	ဟထိုးမပါ (ကာရိုက်)	ဟထိုးပါ (သုဒ္ဓ)
ပြယုဂ်ကား–	င စေသည်	ငှသည်
	ညိစေသည်	ညှိသည်
	နူးစေသည်	နှူးသည်
	နစ်စေသည်	နှစ်သည်
	နိမ့်စေသည်	နှိမ့်သည်
	မြင့်စေသည်	မြှင့်သည်
	မြောက်စေသည်	မြှောက်သည်
	မွစေသည်	မွှသည် စသည်တို့ ဖြစ်

၏။

ဆက်လက်၍ ကြံကြပါလေဦး။

ထို့ကြောင့် “ပဉ္စမက္ခရာ၊ ဟထိုးပါ မှတ်ပါ သုဒ္ဓဟု။ ဟထိုးမပါ၊ ပဉ္စက္ခရာ၊ မှတ်ပါကာရိုက်ဟု”။ ။ ဟူသော ဆောင်ပုဒ် ကိုလည်း ကျက်မှတ်ထားရပါမည်။

❐

မြန်မာစာရေးရာ၌ သတိထားရမည့် စည်းကမ်းများ

(က) မြန်မာစာရေးရာ၌ အရေအတွက်သင်္ချာများကို ရေးလိုလျှင် တစ်မှ ကိုးအထိကို စာဖြင့်ရေး၍ ၁၀ နှင့်အထက် သင်္ချာများကို ဂဏန်းဖြင့် ရေးရသည်။

ဥပမာ အပါယ်လေးပါး

စရဏ (၁၅) ပါး စသည်။

(ခ) မြန်မာစာရေးရာ၌ အသံတစ်သံတည်း ထွက်သော စာလုံးကို အထက်အောက်မျဉ်းနှစ်ကြောင်းကို ခွဲ၍ မရေးရ။

ဥပမာ– 'ကျောက်' ဟူသော စာလုံးကို အထက်မျဉ်းအဆုံး၌ 'ကျော' ကို ရေးပြီး အောက်မျဉ်းအစ၌ က် (ကသတ်) ကို ရေးခြင်းမျိုး မလုပ်ရ။

(ဂ) မြန်မာစာရေးရာ၌ ၎င်းနှင့်လည်းကောင်းကို နေရာကျမှန်ကန်အောင် ရေးတတ်ရမည်။ ထိုနှစ်မျိုးတွင် '၎င်း' သည် နာမ်စားဖြစ်သည်။ 'ယင်း' နှင့် အဓိပ္ပာယ်တူသည်။

ဥပမာ "ဘုန်းကြီးကျောင်း၌ မျောက်တစ်ကောင် မွေးထားသည်။ ၎င်းသည် အလွန်ဆော့သည်"။ ဤပြယုဂ်၌ "၎င်း" သည် ရှေ့ဝါကျ၌ ဆိုခဲ့သော 'မျောက်' ၏ အစားသုံးသော

နာမ်စားဖြစ်သည်။ "ယင်းသည် အလွန်ဆော့သည်" ဟူ၍ ရေးနိုင်သည်။

လည်းကောင်းသည် ပေါင်းဆည်းခြင်း သမုစ္စည်းအနက်ရှိသည်။

ဥပမာ–'ပဌာစာရီမှာ လင်လည်းကောင်း၊ သား လည်းကောင်း မရှိတော့ပြီ' 'လူပျင်းမှာ ပညာလည်းကောင်း၊ ဥစ္စာလည်းကောင်း မရှိနိုင်ပေ' 'လူမမာသည် စားခြင်းကိုယ်လည်းကောင်း သောက်ခြင်းကို လည်းကောင်း မပြုနိုင်တော့ပြီ'

အထက်ပါပြယုဂ်များ၌ တစ်ဝါကျစီတွင် 'လည်းကောင်း' နှစ်လုံးစီပါရှိရာ ရှေ့လည်းကောင်းသည် နောက်လည်းကောင်းကိုလည်းကောင်း၊ နောက်လည်းကောင်းသည်လည်း ရှေ့လည်းကောင်းကိုလည်းကောင်း ဆည်းပေါင်းသည်ဟု မှတ်ရမည်။

❐

မြန်မာအက္ခရာများကို မှန်ကန်စွာ ရေးသားပုံ

(က) မြန်မာစာရေးရာ၌ ဂ ငယ်ကို ရေးလျှင် ဝတ်ဆံခေါင်းမပါရ။ ရှစ်ဂဏန်းရေးလျှင် ဝတ်ဆံခေါင်းပါရမည်။

ဥပမာ – ဂ (ဂငယ်)

၈ (ရှစ်ဂဏန်း)

(ခ) မြန်မာစာရေးရာ၌ ဥကလေးကို ရေးလျှင် ညကြီးမှနောက် ယူနစ်ကို ဖြုတ်၍ ဉ ဟု ရေးရသည်။ ဥ ဟု မရေးရ။ ယင်းသို့ရေးလျှင် အက္ခရာ ဥနှင့် ယိုးမှားစရာရှိသည်

(ဂ) မြန်မာစာရေးရာ၌ ဌဝမ်းဘဲကို တစ်လုံးတည်းရေးလျှင် 'ဌ' သာ ရေးရသည်။ ဋ္ဌဟု အဆင့်နှင့် ရေးလျှင် ဌဝမ်းဘဲနှင့် ဋသန်လျင်း ချိတ်ဆင့်ထားသော သံယုတ်'ဋ္ဌ'ဟု မှတ်ရမည်။

(ဃ) ဏကြီးကို ရေးလျှင် အလယ်မှ **အောက်ပိုးကြိုက်** ကို ဟ–၍–ဏ ဟု မရေးရ။ အောက်ပိုးကြိုက်ကို ပိပိပိတ်၍ ဏ–ဟု ရေးရသည်။

(င) ရကောက်ရေးလျှင် ဝတ်ဆံခေါင်းပါရသည်။ ခုနစ်ဂဏန်းကို ရေးလျှင် ဝတ်ဆံခေါင်း မပါရ။

ဥပမာ–သူတော်ကောင်းတရား (၇) ပါး။

❐

မြန်မာအက္ခရာစာလုံးဆင့် အမှန်ရေးနည်း

မြန်မာဘာသာစာလုံးဆင့်နည်းကို အထက်အခန်း ၉၊ ၁၀၊ ၁၁ တို့၌လည်း ပြခဲ့ပြီးဖြစ်သည်။ ယခုပြမည့် စာလုံးဆင့်နည်းကား အက္ခရာကို ရေးပုံရေးနည်းနှင့် ဆိုင်သည်။

(က) ဏကြီးနှင့် ဌဝမ်းဘဲဆင့်လျှင် အောက်ပါအတိုင်း ဌဝမ်းဘဲကို လကျာဘက်ခေါင်းထားကာ မှောက်လျက်ရေး၍ ဆင့်ရမည်။

ဥပမာ – ကဏ္ဍဌာန်

အသွင်သဏ္ဌာန် စသည်။

(ခ) ဏကြီးနှင့် ဍရင်ကောက်ဆင့်လျှင်လည်း အောက်ပါအတိုင်း ဍရင်ကောက်ကို လက်ဝဲဘက်ခေါင်းထားကာ မှောက်လျက် ရေး၍ ဆင့်ရသည်။

ဥပမာ – ကဏ္ဍကမြင်း

အခန်း ကဏ္ဍ စသည်။

(ဂ) ပါဠိဘာသာ၌ သ နှစ်လုံးဆင့်လျှင် ဿ ဤသို့ ရေးလေ့ မရှိ။ သသ ဟူသာ ရေးသည်၊ သကြီးခေါ်သည်။ ခြွင်းချက်အနေဖြင့် မန်ကျည်းစေ့ကမ္ဘဝါများ ရေးသောအခါ၌ကား ထပ်ဆင့် ဿကြီးကိုလည်း ရေးလေ့ရှိသည်။

(ဃ) င – ဟထိုးရေးရာ၌ ငှ ဟု မရေးရ။ ယင်းသို့ ရေးလျှင် ငှဝမ်းဘဲနှင့် ယိုးမှားစရာရှိသည်။ သို့ဖြစ်၍ ခေတ်သုံး ငဟထိုးကို 'ငှ' ဟု 'င' ၏ အောက်ဘက် အလယ်တည့်တည့်မှ ဟထိုးကို ရေးရမည်။

❐

ကာရန် (၆၄) ပါး

ကာရန်ဟူသည် ကာရန္တဟူသော ပါဠိမှလာသော ပါဠိဗြိသက် ဝေါဟာရဖြစ်သည်။ ကာရန္တသည်လည်း ကာရနှင့် အန္တ နှစ်ပုဒ်ပေါင်း၍ ဖြစ်လာသော သမာသ်နာမ်ပုဒ်ဖြစ်သည်။ ကာရ (အက္ခရာ) + အန္တ (အဆုံး) > ကာရန္တ > ကာရန်ဖြစ်လာသည်။ အဓိပ္ပါယ်မှာ အက္ခရာတို့၏ အဆုံးဖြစ်သော သရသံကို ဆိုလိုသည်။

ဥပမာ–အမေသည် အမ + အေ မှ အမေဖြစ်သောကြောင့် ေ–ကို ကာရန်ဟု ခေါ်သည်။

မြန်မာဘာသာ၌ ကာရန် (၆၄) ပါးရှိသည်။ ယင်း ကာရန် (၆၄) ပါးတွင် အသတ်မဲ့ ကာရန် (၂၁) ပါးနှင့် အသတ်ကာရန် (၄၃) ပါး ပါဝင်သည်။

❒

အသတ်မဲ့ကာရန် (၂၁) ပါး

အ
အာ — အ–မိသားစုကာရန် သုံးပါး
အား

အိ
အီ — အိ–မိသားစုကာရန် သုံးပါး
အီး

အု
အူ — အု–မိသားစုကာရန် သုံးပါး
အူး

အေ့
အေ — အေ–မိသားစုကာရန် သုံးပါး
အေး

အဲ့
အဲ (အယ်) — အဲ–မိသားစုကာရန် သုံးပါး
* အဲး

---

* အဲ၏ အသံထွက်အမှန်မှာ–အသတ်သံကဲ့သို့ အယ်သံထွက်ရသည်။ ထို့ကြောင့် အဲဟု အသံထွက်လိုလျှင် ဝစ္စပေါက်ထည့်၍ အဲးဟု ရေးက ရေးလေ့ရှိသည်။

အော့ အော် အော	အော–မိသားစုကာရန် သုံးပါး
အို့ အို အိုး	အို–မိသားစုကာရန် သုံးပါး

ပေါင်းအသတ်မဲ့ ကာရန် ၂၁ ပါး ဖြစ်၏။

❒

အသတ်ကာရန် (၄၃) ပါး

အက် အောက် အိုက်	က–သတ်ကာရန် သုံးပါး
အင့် အင် အင်း အောင့် အောင် အောင်း အိုင့် အိုင် အိုင်း	င–သတ်ကာရန် ကိုးပါး
အစ်	စ–သတ်ကာရန် တစ်ပါး
အည့် အည် အည်း	ညကြီး –သတ်ကာရန် သုံးပါး

အဉ့် အဉ် အဉ်း	ဉကလေးသတ်ကာရန် သုံးပါ။
အတ် အိတ် အုတ်	တ–သတ်ကာရန် သုံးပါ။
အန့် အန် အန်း အိန့် အိန် အိန်း အုန့် အုန် အုန်း	န–သတ်ကာရန် ကိုးပါ။
အပ် အိပ် အုပ်	ပ–သတ်ကာရန် သုံးပါ။
အမ့် အမ် အမ်း အိမ့် အိမ်	မသတ်ကာရန် ကိုးပါ။

အိမ်း
အုမ့်
အုမ်
အုမ်း

အားလုံး အသတ်ကာရန် (၄၃) ပါး ဖြစ်၏။

အသတ်မဲ့ကာရန် (၂၁) ပါးနှင့် အသတ်ကာရန် (၄၃) ပါး ပေါင်းသော် ကာရန် (၆၄) ပါး ဖြစ်သတည်း။

(မှတ်ချက်) ကာရန် (၆၄) ပါးတွင် အောက်မြစ်ကာရန်၊ ဝစ္စပေါက်ကာရန်၊ အောက်မြစ်ဝစ္စပေါက်မပါသော ကာရန် သုံးလုံးစီကို မိသားစုကာရန်ဟု ခေါ်သည်။

ယင်းမိသားစု ကာရန်သုံးလုံးတို့ကို ရှေ့နောက်စဉ်ရာ၌ ထွေသံခေါ် အောက်မြစ်သံကို ပထမ၊ သံပြင်း ခေါ် ဝစ္စပေါက်သံကို တတိယ၊ မူလသံခေါ် အောက်မြစ်ဝစ္စပေါက်မပါသော အသံကို ဒုတိယထား၍ အက္ခရာစဉ်ရသည်။

ဥပမာ–

အော့၊ အော၊ အော်

အင့်၊ အင်၊ အင်း စသည်ဖြင့် ရှေ့နောက်အက္ခရာစဉ်လေ။

❐

ပါဠိသင်္ချာအမည်များကို မြန်မာတို့ သိထားသင့်ပုံ

ယခုအခါ မြန်မာတို့သည် အချို့သောပါဠိစကားလုံးများကို မိမိဘာသာ စကားကဲ့သို့ သုံးစွဲနေကြပြီဖြစ်သည်။

ဥပမာ–စာသင်ကျောင်းများ၌ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း စသည်ဖြင့်လည်းကောင်း၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဓာတုဗေဒ၊ စိတ္တဗေဒ၊ ဒဿနိကဗေဒ၊ ဇီဝဗေဒ၊ မနုဿဗေဒ စသည်ဖြင့် လည်းကောင်း၊ ကမ္မဋ္ဌာန်းရိပ်သာများ၌ သမထ ဝိပဿနာ၊ ဘာဝနာ၊ အာနာပါန၊ သတိပဋ္ဌာန်၊ အနုပဿနာ၊ ဒိဋ္ဌေဒိဋ္ဌမတ္တံ စသည်ဖြင့်လည်းကောင်း အရပ်ထဲ၌လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တစသည်ဖြင့်လည်းကောင်း ပါဠိနှင့်ပါဠိသက် ဝေါဟာရ များကို မိမိဘာသာစကားကဲ့သို့ သုံးစွဲနေကြသည်မှာ စာတတ် သူတိုင်း နားလည်နေကြပြီဖြစ်သည်။ ဤကဲ့သို့ ပါဠိနှင့် ပါဠိသက် ဝေါဟာရများကို မြန်မာတို့က မိမိဘာသာစကားကဲ့သို့ ပြောဆို သုံးစွဲနေကြခြင်းကြောင့်ပင် ပါဠိဘာသာဂဏန်းသင်္ချာ အခေါ် အဝေါ်များကိုလည်း မြန်မာတိုင်း သိထားသင့်ကြပေ၏။

ဂဏန်းသင်္ချာနှင့်ပတ်သက်၍ အင်္ဂလိပ်ဘာသာ၌ [၁] Cardinal Number နှင့် [၂] Ordinal Number ဟူ၍ နှစ်မျိုးရှိ၏။

၁။ CN အရေအတွက်ပြသင်္ချာ

၂။ ON အကြိမ်ပြ သင်္ချာ

ထိုတွင် Cardinal Number ဆိုသည်မှာ One, two, three စသည်ဖြင့် ရေတွက်ခြင်းကို ဆိုလိုသည်။ Ordinal Number ဆိုသည်မှာ First, Second, third စသည်ဖြင့် ရေတွက်ခြင်းကို ဆိုသည်။ ယင်းကို ပါဠိဘာသာ၌ ပူရဏသင်္ချာဟု ခေါ်သည်။

ယင်း Number နှစ်ခု၏ အထူးမှာ Cardinal Number သည် ဆိုသမျှ အရေအတွက် အားလုံးကို ယူရသည်။ Ordinal Number သည်ကား နောက်ဆုံးတစ်ခုကိုသာ ယူရသည်။

အင်္ဂလိပ်ဘာသာ၌ ယင်း Number နှစ်မျိုးရှိသကဲ့သို့ ပါဠိဘာသာ၊ မြန်မာဘာသာနှင့် ဘာသာတိုင်းတို့၌လည်း ယင်း Number နှစ်မျိုးတို့ ရှိကြသည်သာ ဖြစ်၏။ ယခု ပါဠိဘာသာ Cardinal Number များကို ရှေးဦးစွာ ပြပါမည်။

❐

ပါဠိဘာသာ Cardinal Number များ

ဧက	၁
ဒွိ (ဒွေ၊ ဒု)	၂
တိ (တြိ)	၃
စတု	၄
ပဉ္စ	၅
ဆ	၆
သတ္တ	၇
အဋ္ဌ	၈
နဝ	၉
ဒသ	၁၀
ဧကာဒသ	၁၁
ဒွါဒသ (ဗာရသ)	၁၂
တေရသ	၁၃
စတုဒ္ဒသ (စုဒ္ဒသ)	၁၄
ပန္နရသ	၁၅

သောဠသ	၁၆
သတ္တရသ	၁၇
အဋ္ဌာရသ	၁၈
ဧကူနဝီသတိ	၁၉
ဝီသ (ဝီသကိ)	၂၀
ဧကဝီသ	၂၁
ဗာဝီသ	၂၂
တေဝီသ	၂၃
စတုဝီသ	၂၄
ပဉ္စဝီသ	၂၅
ဆဗ္ဗီသ	၂၆
သတ္တဝီသ	၂၇
အဋ္ဌဝီသ	၂၈
ဧကူနတိံသ	၂၉
တိံသ	၃၀
ချုံ့လိုက်တော့အံ့	–
စတ္တာလီသ	၄၀
ပညာသ (ပဏ္ဏာသ)	၅၀
သဋ္ဌိ	၆၀
သတ္တတိ	၇၀
အသီတိ	၈၀
နဝုတိ	၉၀
သတ	၁၀၀
သဟဿ	၁၀၀၀
နဟုတ (နိယုတ၊ ဒသသဟဿ)	၁၀၀၀၀

လက္ခ (သတသဟဿ)	၁၀၀၀၀၀
ဒသသတသဟဿ	၁၀၀၀၀၀၀
ကောဋိ	၁၀၀၀၀၀၀၀

ဤသင်္ချာတို့တွင် ဒသမှ ကောဋိအထိ သင်္ချာတို့ကို ၁၀ ဆတက်ဖြင့် ရေတွက်အပ်၏။ သိန်း ၁၀၀ ဖြင့် မြှောက်ပွားအပ်သော ပကောဋိမှ အသင်္ချေအထိ သင်္ချာများကိုကား သရုပ်မထုတ်သိုက်တော့ပြီ။

❐

ပါဠိဘာသာ Ordinal Number များ

ဤ Ordinal Number များကို ပါဠိဘာသာ၌ ပူရဏသချာ ဟု ခေါ်သည်။

ပထမ (ပဌမ)	အဦးဆုံး
ဒုတိယ	နှစ်ခုမြောက်
တတိယ	သုံးခုမြောက်
စတုတ္ထ	လေးခုမြောက်
ပဉ္စမ	ငါးခုမြောက်
ဆဋ္ဌ (ဆဋ္ဌမ)	ခြောက်ခုမြောက်
သတ္တမ	ခုနစ်ခုမြောက်
အဋ္ဌမ	ရှစ်ခုမြောက်
နဝမ	ကိုးခုမြောက်
ဒသမ	ဆယ်ခုမြောက်
ဧကာဒသမ	ဆယ့်တစ်ခုမြောက်
ဒွါဒသမ	ဆယ့်နှစ်ခုမြောက်
တေရသမ	ဆယ့်သုံးခုမြောက်
စုဒ္ဒသမ	ဆယ့်လေးခုမြောက်

ပဥ္စရသမ	ဆယ့်ငါးခုမြောက်
သောဠသမ	ဆယ့်ခြောက်ခုမြောက်
သတ္တရသမ	ဆယ့်ခုနစ်ခုမြောက်
အဋ္ဌာရသမ	ဆယ့်ရှစ်ခုမြောက်
ဧကူနဝီသတိမ	ဆယ့်ကိုးခုမြောက်
ဝီသတိမ	နှစ်ဆယ်ခုမြောက်

ကျန်သော ပူရဏဂဏန်းများကိုလည်း အလားတူ ဧကဝီသတိမ စသည်ဖြင့် ပါဠိ Cardinal Number များနောက်မှ 'မ' စာလုံးထည့်၍ ရွတ်ဆိုရေတွက်ရသည်။ ဤတွင် ဆယ့်တစ်ခုမြောက်၊ ဆယ့်ကိုးခုမြောက်စသည်၌ 'ဆယ့်' ဟု ဆလိမ်ယသတ်တွင် အောက်မြစ်ထည့်ထားခြင်းမှာ ယင်းအောက်မြစ်ကို 'နှင့်' ဟု အဓိပ္ပာယ်ယူရပါမည်။ ဆယ့်ငါးခုဟုဆိုလျှင် တစ်ဆယ့်နှင့် ငါးခုဟု အဓိပ္ပာယ်ရပါသည်။ ဤတွင် "နောက်ပစ်ယသတ်သမာနတော" ဟူသော သတ်ပုံပရိဘာသာအရ ယသတ်နှင့် နောက်ပစ်သည် အဓိပ္ပာယ်တူသောကြောင့် ဆဲ့ငါးခုဟု ရေးလျှင်လည်း ရပါသည်။ မည်သို့ပင် ရေးသည်ဖြစ်စေ အောက်မြစ်ပါရမည်။

❐

ပိဋကတ်သင်္ချာဟူသည်

ရှေးဟောင်းစာပေများကို လေ့လာသူများသည် ပိဋကတ်သင်္ချာများကို တွေ့ရှိရတတ်သည်။ များသောအားဖြင့် ရှေးဟောင်းစာပေကျမ်းဂန်နိဂုံးများ၌ ကျမ်းပြီးနှစ်ကို ပိဋကတ်သင်္ချာဖြင့် ပြလေ့ရှိကြသည်။ ထို့ကြောင့် ရှေးဟောင်းစာပေနှင့် မကင်းသူများသည် ပိဋကတ်သင်္ချာကောက်ယူနည်းကို သိထားသင့်ကြပေသည်။ ပိဋကတ်သင်္ချာဟူသည် ခုနစ်သက္ကရာဇ်စသော အရေအတွက်သင်္ချာများကို အက္ခရာဖြင့် ဖော်ပြသောကြောင့် ရှေးခေတ်အက္ခရာသင်္ချာဟု ခေါ်ထိုက်လှပေသည်။

ပိဋကတ်သင်္ချာကောက်ယူပုံကို [illegible]စ်ပါဂါထာဖြင့် ပြဆိုခဲ့ကြ၏။

ကာဒိဉ္ဉာဒိ ယကာရာဒိ၊ န၀သင်္ချာ ပကာသိတာ။

ပဥ္စသင်္ချာ ပကာရာဒီ၊ သုညာနာမသရညနာ။

(ပရမတ္ထဗိန္ဒုနိဿယ)

အထက်ပါဂါထာ၏ အဓိပ္ပာယ်မှာ ပါဠိဘာသာ ဗျည်း (၃၃) လုံးတို့တွင်

က မှ ဈအထိ အက္ခရာ ကိုးလုံး

ၚ မှ ဓ အထိ အက္ခရာ ကိုးလုံး

ယ မှ ဠ အထိ အက္ခရာ ကိုးလုံးတို့ကို အစဉ်အတိုင်း 'တစ်' မှ 'ကိုး' အထိ ယူရသည်။

ပ မှ မအထိ အက္ခရာ ငါးလုံးတို့ကို အစဉ်အတိုင်း 'တစ်' မှ 'ငါး' အထိ ယူရသည်။

ပါဠိဘာသာ သရ ရှစ်လုံးနှင့် ဉ၊ န တို့ကို သုည ယူရမည် ဆိုလို၏။

(မှတ်ချက်) ယ မှ ဠ အထိ ကိုးလုံးဟူရာ၌ သက္ကတဘာသာ ကလပ်အရေး ဂ (ဂယှ) နှင့် မ (ပယှရ) တို့ကို ထည့်ထားသောကြောင့် ကိုးလုံးရခြင်းဖြစ်သည်။

အောက်ပါဇယားကိုကြည့်လျှင် ရှင်းသွားပါလိမ့်မည်။

❐

ပိဋကတ်သင်္ချာကောက်ယူပုံဇယား

၁	၂	၃	၄	၅	၆	၇	၈	၉	၀
က	ခ	ဂ	ဃ	င	စ	ဆ	ဇ	ဈ	ည
ဋ	ဌ	ဍ	ဎ	ဏ	တ	ထ	ဒ	ဓ	န
ပ	ဖ	ဗ	ဘ	မ					
ယ	ရ	လ	ဝ	ၐ	ၑ	သ	ဟ	ဠ	အ

အထက်ပါဇယား၌ ထိပ်စီးဂဏန်းအောက်ရှိ အက္ခရာများကို ထိပ်စီးဂဏန်းအတိုင်း ယူရသည်။ သို့ဖြစ်၍ ထိပ်စီး တစ်ဂဏန်း အောက်ရှိ က၊ ဋ၊ ပ ယ လေးလုံးကို တစ်ဂဏန်းယူရသည်။ ကျန်သော ခ၊ ဌ၊ ဖ၊ ရ စသော အက္ခရာများကိုလည်း ထိပ်စည်း ဂဏန်းကို ကြည့်၍ နှစ်ဂဏန်းစသည် ယူရသည်။ ကလပ် အရေး ၐ (ဂယှ) ကို ငါးဂဏန်း၊ ကလပ်အရေး ၑ (ပယှရ) ကို ခြောက်ဂဏန်းယူရသည်။

(မှတ်ချက်) မြန်မာသင်ပုန်းကြီး၌ သရ (၁၁) လုံး ပြထားသော်လည်း ဤပိဋကတ်သင်္ချာသည် ပါဠိသက္ကတမှလာသော ကြောင့် သရ–အရ ပါဠိဘာသာ သရ–ရှစ်လုံးကိုသာ ယူရခြင်း ဖြစ်သည်။

ဤပိဋကတ်သင်္ချာ၌ အထူးသတိထားမှတ်ရန်မှာ ကောက်ယူရရှိသော ဂဏန်းများကို ကောက်ထားသည့် အစဉ်အတိုင်း မယူဘဲ ရှေ့နောက်ပြောင်းပြန်လှန်၍ ယူရခြင်းဖြစ်သည်။

ဥပမာအားဖြင့် ဖော်ပြရသော် သရေခေတ္တရာသက္ကရာဇ် ၆၂၉ ခုနှစ်တွင် သရေခေတ္တရာပြည်သုပညာနဂရ ဆိန္နမင်း လက်ထက်၌ ဥတ္တမသီရိမည်သော တောသူနေမြတ်သည် မိမိပြုသော 'ကပ္ပါလင်္ကာရ'ခေါ် စမကျမ်းနိဂုံး၌ ကျမ်းပြီးနှစ်ကို 'ကလိယုဂေခက္ခန္ဓေ' ဟု ပိဋကတ်သင်္ချာဖြင့် ပြဆိုခဲ့၏။ ယင်းပါဠိကို "ကလိယုဂေ၊ သက္ကရာဇ်သည်၊ ခက္ခန္ဓေ၊ ၆၂၉ ခုနှစ်၌" ဟု တောင်တွင်းဆရာတော်က နိဿယ ပြန်ဆိုထား၏။

ဤ၌ 'ခက္ခန္ဓေ' ကို ပိဋကတ်သင်္ချာနည်းဖြင့် ကောက်သော် '၉၂၆' ရ၏။ သို့ရာတွင် ပိဋကတ်သင်္ချာ၏ သဘောသည် ကောက်၍ရသော ဂဏန်းကို အတည့်မယူဘဲ ရှေ့နောက် ပြောင်းပြန်လှန်၍ ယူရသောကြောင့် ၉၂၆ ကို ရှေ့နောက်ပြောင်း ပြန်လိုက်လျှင် ၆၂၉ ရ၏။ ထို့ကြောင့် ကပ္ပါလင်္ကာရကျမ်းကို သက္ကရာဇ် ၆၂၉ ခုနှစ်ပြီး၏ဟု မှတ်ရမည်။

အလားတူ နမူနာများမှာ ဆီးဘန်နီဆရာတော်ရေး "ဥပါသကောဝါဒ" ဆုံးမစာ၌ ကျမ်းပြီးနှစ်ကို 'ဓိပ္ပဝါရ' ဟု ပြ၏။ ဓိပ္ပဝါရကို ပိဋကတ်သင်္ချာနည်းဖြင့် ကောက်လျှင် ၂၄၁၉ ရ၏။ ယင်းသည် သာသနာနှစ်ဖြစ်၏။ ယင်းကို ကောဇာနှစ်တွက်လိုလျှင် သာသနာနှစ်မှ (ဒွေအဋ္ဌနှင့် ဧကဧကော) ၁၁၈၂ နှုတ်လိုက်သော် ကောဇာ ၁၂၃၇ ခုနှစ်ရ၏။ ထို့ကြောင့် ဥပါသကောဝါဒကျမ်းကို ၁၂၃၇ ခုနှစ် ရေးပြီးကြောင်း သိရ၏။

ဆီးဘန်နီ ဆရာတော်ပင် ရေးသော အရှည်ကောဝါဒဆုံးမစာ၌လည်း ကျမ်းပြီးနှစ်ကို 'စက္ကဝါရ' ဟု ပိဋကတ်သင်္ချာဖြင့်

ပြ၏။ စက္ကဝါရကို ပိဋကတ်သင်္ချာဖြင့် ကောက်သော် ၂၄၁၆ ရ၏။ ယင်းသည် သာသနာနှစ်ဖြစ်၏။ သာသနာနှစ်ကို ကောဇာ နှစ်တွက်လိုသော် ရှေးနည်းတူသာသနာနှစ်မှ ၁၁၈၂ နှုတ်လိုက် လျှင် ၁၂၃၄ ရ၏။ ထို့ကြောင့် အရှည်ကောဝါဒဆုံးမစာကို ကောဇာနှစ် ၁၂၃၄ ခု ရေးပြီးကြောင်း သိရ၏။

စိန္တကျော်သူဦးသြ၏ "သြဝါဒထူးပျို့" ၌ ကျမ်းပြီးနှစ်ကို သာသနာတောက်ပ ဝါနဂေရာ၊ နှစ်ကောဇာမူ 'ဖောဌာယက' ဟု သာသနာနှစ် ကောဇာနှစ် နှစ်မျိုးလုံးဖြင့် ပြသည်။ ယင်းကို ပိဋကတ်သင်္ချာနည်းဖြင့် ကောက်သော် သာသနာ ၂၃၀၄၊ ကောဇာ ၁၁၂၂ ပြီးကြောင်း သိရ၏။

ငှင်းပြင် ပင်းဆရာတော်၏ "ရတနာ့ကြေးမုံ သတ်ပုံ" ကျမ်းပြီးနှစ်ကို "ဝါစာလှိုင်ဖြ၊ သင်္ချာရမူ ဓိနစကြာ၊ သာသနာ တည့်၊ ကောဇာသက္က၊ ရာဒီပကြူး" ဟု သာသနာနှစ် ကောဇာနှစ် နှစ်မျိုးဖြင့်ပင် ဖော်ပြထား၏။ ယင်းကို ပိဋကတ်သင်္ချာနည်းဖြင့် ကောက်သော်၊ သာသနာနှစ်၊ ၂၃၆၄၊ ကောဇာ ၁၁၈၂ ခုနှစ်ပြီး ကြောင်း သိရ၏။ ဤသို့ စသည်ဖြင့် ပိဋကတ်သင်္ချာကို တွက် ကြလေ။

❐

သက္ကရာဇ်အကြောင်း ရှင်းလင်းချက်

ဘုရားသခင် ပရိနိဗ္ဗာန်ဝင်သောနှစ်၌ အဇာတသတ်မင်းနှင့် ရှင်မဟာကဿပတို့ ညှိနှိုင်းတိုင်ပင်၍ သတ်မှတ်ခဲ့ကြသော သာသနာနှစ်နှင့် ကောဇာနှစ်သည် တထပ်တည်းဟု ဆိုရမည် ဖြစ်၏။ ထို့နောက် သာသနာနှစ် ၆၂၄ သို့ ရောက်သောအခါ သရေခေတ္တရာ သုမုန္ဒရီမင်းသည် 'ဒေါဒေါရသ' ကိန်းဖြင့် ၆၂၂ ကို ဖြို၍ နှစ်ခုကြွင်းထားခဲ့သည်။ ယင်းအကြွင်းနှစ်ခုမှ ဆက်လက် ရေတွက်လာသော နှစ်ကို သက္ကရာဇ်ဟုလည်းကောင်း သရေ ခေတ္တရာနှစ်ဟူ၍လည်းကောင်း ခေါ်ခဲ့ကြသည်။

ထိုသုမုန္ဒရီမင်း၏ သရေခေတ္တရာသက္ကရာဇ် ၅၆၂ သို့ ရောက်သောအခါ ပုဂံပြည် ပုပ္ပါးစောရဟန်းမင်းသည် "ခဆပဋ္ဌ" ကိန်းဖြင့် ၅၆၀ ကို ဖြိုပြီး နှစ်ခုကြွင်းထား ပြန်လေသည်။ ယင်းနှစ်ခုကြွင်းမှ ဆက်လက်ရေတွက်လာသော နှစ်ကို ပုဂံ သက္ကရာဇ်၊ မြန်မာသက္ကရာဇ်ကောဇာနှစ် ဟူ၍ခေါ်ကြပြန်သည်။

ယင်းသို့ နှစ်ကြိမ်ဖြိုသော သက္ကရာဇ်နှစ်ခု ၆၂၂ နှင့် ၅၆၀ ကို ပေါင်းသော် ၁၁၈၂ ရ၏။ ယင်းကို ပါဠိအခေါ်အားဖြင့် (ဒွေအဋ္ဌနှင့်ဧကကော) ဟု ဗေဒင်ဆရာများက မှတ်သားခဲ့ကြ၏။

ထို့ကြောင့် မြန်မာသက္ကရာဇ်က သာသနာနှစ်ထက် ၁၁၈၂ နှစ် နောက်ကျနေခြင်းဖြစ်၏။

တစ်ဖန် သာသနာနှစ် ၅၄၄ တွင် ခရစ်တော်ကို ဖွားမြင်၏။ သာသနာနှစ်ကို ဂေါတမဗုဒ္ဓပရိနိဗ္ဗာန်ဝင်သော မဟာသက္ကရာဇ် ၁၄၈ မှစ၍ ယူ၏။ ခရစ်နှစ်ကိုမူ ခရစ်တော်ဖွားမြင်သော သာသနာနှစ် ၅၄၄ မှစ၍ ယူ၏။ ထို့ကြောင့် ခရစ်က သာသနာနှစ်ထက် ၅၄၄ နှစ် နောက်ကျနေခြင်းဖြစ်၏။

ထို့ကြောင့် သာသနာနှစ်ထက် နောက်ကျသော ကောဇာ ၁၁၈၂ တွင် သာသနာနှစ်ထက် နောက်ကျသော ခရစ်နှစ် ၅၄၄ ကို နှုတ်လျှင် ကောဇာနှင့် ခရစ်နှစ် ကွာခြားသော ၆၃၈ ကို ရခြင်းဖြစ်၏။

❐

သက္ကရာဇ်များ အချင်းချင်း ညှိယူပုံ

(က) ကောဇာနှစ်ထဲကို ၁၁၈၂ ပေါင်းလျှင် သာသနာနှစ် ရ၏။

(ခ) ကောဇာနှစ်ထဲကို ၆၃၈ ပေါင်းလျှင် ခရစ်နှစ်ရ၏။

(ဂ) ကောဇာနှစ်ထဲကို ၃၇၃၉ (နဝါတြိသတ္တဂ္ဂိ) ပေါင်းလျှင် ကလိယုဂ်နှစ်ရ၏။

(ဃ) ခရစ်နှစ်ထဲကို ၅၄၄ ပေါင်းလျှင် သာသနာနှစ်ရ၏။

(င) ကလိယုဂ်နှစ်သည် သာသနာနှစ်ထက် ၂၅၇၀ နှစ် စော၏။

(စ) မဟာသက္ကရာဇ်သည် သာသနာနှစ်ထက် ၁၄၈ နှစ် စော၏။

(ဆ) သာသနာနှစ်သည် ခရစ်နှစ်ထက် ၅၄၄ နှစ် စော၏။

(ဇ) သာသနာနှစ်သည် ကောဇာနှစ်ထက် ၁၁၈၂ နှစ် စော၏။

(ဈ) ခရစ်နှစ်သည် ကောဇာနှစ်ထက် ၆၃၈ နှစ် စော၏။

ဤသို့သော သက္ကရာဇ်များ ညှိယူပုံကိုလည်း သိထားသင့်ကြပေသည်။

❒

နိဂုံးနှင့် ပန်ကြားလွှာ

မြန်မာသင်ပုန်းကြီးသည် ပုဂံခေတ်လောက်ကပင် စတင်ပေါ်ပေါက်လာသည်ဟု ဆိုရမည်ဖြစ်ပါ၏။ သို့ရာတွင် ကိုလိုနီခေတ် အင်္ဂလိပ်အစိုးရလက်ထက် ပညာရေးဝန်ကြီးဌာနမှ စာသင်ကျောင်းများတွင် သုံးရန် မြန်မာသင်ပုန်းကြီးကို ပုံနှိပ်စာအုပ်အဖြစ် လုပ်ဆောင်သောအခါမှသာလျှင် ရှေးမူကို ပယ်ဖျက်ပြုပြင်ကြသဖြင့် အချို့သော နေရာများတွင် ရှေးမူနှင့် မတူဘဲ အမှားအယွင်းများ ဖြစ်ပေါ်လာခဲ့ပါ၏။

ယခုအခါ "အမှားကြာ အမှန်ဖြစ်" ဆိုသော မြန်မာဆိုရိုးစကားအတိုင်း ယင်းအမှားများကိုပင် အမှန်ထင်မှတ်သုံးစွဲလာခဲ့ကြသည်မှာ နှစ်ကာလကြာမြင့်လှပြီဖြစ်သဖြင့် နောက်သားတို့မှာ အမှန်ထင်မှတ်နေကြပါတော့သည်။ ထို့ကြောင့် နှောင်းလူတို့အနေဖြင့် ရှေးဦးမြန်မာတို့ သုံးစွဲခဲ့ကြသော သင်ပုန်းကြီးမူမှန်နှင့်တကွ သင်ပုန်းကြီးနှင့်ပတ်သက်သော သိမှတ်ဖွယ်ရာ ခဲရာခက်ဆစ်အဖြာဖြာကို သိစေလိုသော စေတနာမွန်ဖြင့် ဤကျမ်းငယ်ကို ကြိုးပမ်းတင်ပြလိုက်ရခြင်းဖြစ်ပါ၏။

ကျွန်ုပ်တို့ ဖွင့်ဆိုရေးသားသော မြန်မာသင်ပုန်းကြီးသည် မြန်မာကျောင်းသားလူငယ်များ ပထမဆုံး သင်ကြားရသော ကျမ်းစာဖြစ်သဖြင့် မလောက်လေး မလောက်စား ကလေးသူငယ်စာ ဟူ၍ အထင်မသေးသင့်ပါ။ လူတိုင်း မသိသေးသော ခဲရာခက်ဆစ် အဓိပ္ပါယ်အချက်အလက်တို့ များစွာပါဝင်နေပါသည်။ ကလေးစာမှန်သော်လည်း "မြန်မာသင်ပုန်းကြီး" ကျမ်းစာသည် ဘာသာဗေဒ၊ သဒ္ဒဗေဒ၊ အက္ခရာဗေဒ၊ ဘာသာရပ်တို့နှင့် သက်ဆိုင်နေသဖြင့်လည်းကောင်း၊ ဘာသာစကားရင်းမြစ်၊ အတွေးအခေါ်၊ အယူအဆ၊ သမိုင်းကြောင်းတို့နှင့် ဆက်နွယ်နေသဖြင့်လည်းကောင်း နက်နဲသည်ဟု မဆိုသာသည့်တိုင် ခက်ခဲလှပါသည်။ ကျယ်ဝန်းလှပါသည်။ သာမန်လူတို့ ဖွင့်ဆိုရေးသားရန် လွယ်ကူလှသည် မဟုတ်ပါ။ အချို့နေရာများတွင် ကျမ်းဂန်ထွက် မဟုတ်ဘဲ မိမိအတ္တနောမတိဖြင့် အနုမာနကြံဆချက်များကိုလည်း တွေ့ရပါမည်။

ဤကလေးသင်ကျမ်းငယ်၌ ကလေးများနှင့် မလျော်သော ပိဋကတ်သင်္ချာနှင့် သက္ကရာဇ်အကြောင်းများကို ထည့်သွင်းရေးပြသဖြင့် အချို့က အပြစ်ဆိုကောင်း ဆိုချင်ကြပေမည်။ ဤအကြောင်းကို ရှင်းပြလိုပါသည်။ ဤကျမ်းငယ်ကို ရေးခြင်းသည် မူလက ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ပေစာဌာနစိတ်ရှိ မိမိ၏တပည့်များအတွက် ရည်ရွယ်ရေးသားခြင်း ဖြစ်ပါသည်။ ယင်းပေစာဌာနစိတ်မှတပည့်များသည် ပေစာများကို ကက်တလောက်ရေးရန် ကြည့်ရှုသောအခါ ယင်းပိဋကတ်သင်္ချာနှင့် သက္ကရာဇ်အမျိုးမျိုးတို့ကို တွေ့ကြရပါသည်။ ယင်းသို့တွေ့သောအခါ လွယ်ကူစွာ နားလည်အသုံးပြုနိုင်စေရန် ရည်ရွယ်

၍ အထက်ပါအခန်းနှစ်ခန်းကို ထည့်သွင်းလိုက်ရခြင်းကို နားလည်ခွင့်လွှတ်ရန် ပန်ကြားပါသည်။

ထိုသို့ ကျယ်ဝန်းခက်ခဲသောကြောင့် "မမှားသော ရှေ့နေ၊ မသေသော ဆေးသမား" ဆိုရိုးစကားနှင့်အညီ လည်းကောင်း၊ ပုလုဇဉ်မှန်သမျှ အမှားမကင်းတတ်သော ဓမ္မတာအရလည်းကောင်း၊ ဤကျမ်းငယ်၌ အမှားအယွင်းများ ပါရှိနိုင်ပါသည်။ ယင်းသို့ မှားယွင်းချွတ်ချော်ချက်များ တွေ့ရှိခဲ့သော် ပြစ်တင်ဝေဖန်ချက်ကို ခံယူရန် အသင့်ရှိပါသည်။ ထိုထက် အမှားကို အမှန်ဖြစ်အောင် ထောက်ပြပြင်ဆင်ပေးနိုင်လျှင်မူကား အတိုင်းထက်အလွန် ဝမ်းသာရမည် ဖြစ်ပါသတည်း။

ကျမ်းပြုသူ

❒

ကိုးကားမှီငြမ်းကျမ်းစာရင်း

ဤကျမ်းငယ်ကို ရေးသားရာ၌ အောက်စာရင်းပါကျမ်းများကို မှီငြမ်းကိုးကားပါသည်။

၁။ ဒိသာပါမောက္ခဘွဲ့ခံ ဆရာတော်ဦးကျည်ပွေ့ ရေးသည်ဟု အဆိုရှိသော **ပုဗ္ဗဂန္ထဋီကာ ခေါ် သင်ပုန်းကြီးဋီကာပါဌ်** (ပေမူ)

၂။ ရှင်ဉာဏဂမ္ဘီရထေရ်ပြုန်ဆိုသော ယင်း **သင်ပုန်းကြီးဋီကာနိသျ** (ပေမူ)

၃။ ဇိနကုမာရဆရာရေးသော **မဟာသမ္ဗုဒ္ဓာအဋ္ဌကထာကျမ်း** (ပေမူ)

၄။ ချောင်းကောက်ဆရာတော် သဒ္ဓမ္မနန္ဒီရေးသော **သင်ပုန်းကြီး ဋီကာ** (မူကျယ်) (ပေမူ)

၅။ ရခိုင်ရှင်သီလဝံသရေးသော **ကဝိကဏ္ဍပါသကျမ်း** (အော့ဖ်ဆက်မူ)

၆။ ကျော်အောင်စံထားမှု **မြန်မာသင်ပုန်းကြီး** (ထုတ်ဝေသူမပါ)

၇။ ဒုတိယကျော်အောင်စံထား ဆရာတော်ရှင်ဂုဏာစာရ ရေးသော **ဝေါဟာရတ္တပကာသနီကျမ်း** (လယ်တီမဏ္ဍိုင်)
၈။ တောင်တွင်းဆရာတော် ခင်ကြီးဖျော် စီရင်သော **သဒ္ဒဗျူဟာကျမ်း** (ဟံသာဝတီ)
၉။ ကျီးသဲလေးထပ်ဆရာတော် ရှင်မုနိန္ဒာဘိဓဇရေးသော **စွယ်စုံကျော်ထင် (အဖြေ) ကျမ်း၊** (သာသနာရေးဦးစီးဌာန)
၁၀။ ယောမင်းကြီးဦးဖိုးလှိုင် စီရင်သော **လိပိဒီပိကာကျမ်း** (မာဃစာပေတိုက်)
၁၁။ ပုဂံဝန်ထောက်ဦးတင်ရေး **ကဗျာဗန္ဓသာရကျမ်း** (လယ်တီမဏ္ဍိုင်)
၁၂။ ပုဂံဝန်ထောက်မင်းဦးတင်ရေး **မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းပဥ္စမတွဲ** (အစိုးရပုံနှိပ်တိုက်)
၁၃။ လယ်တီဆရာတော်ရှင်ဉာဏရေးသော **သင်ပုန်းကြီးသံခိပ်။** (မြန်မာအလင်းသတင်းစာတိုက်)
၁၄။ ဟံသာဝတီဦးဘရင်၏ **မြန်မာစာအခြေပြကျမ်း** (တိုးပုံနှိပ်တိုက်)
၁၅။ ဝဇီရဗုဒ္ဓိဦးဖိုးစိန်၏ **မဟာမြန်မာသင်ပုန်းကြီး** (တိုးစာပုံနှိပ်တိုက်)
၁၆။ ဂုဏ်ထူးဦးသိန်းနိုင်၏ **မြန်မာစာမျိုးရှာ** (မြကန်သာ–မန်း)
၁၇။ ဆရာကြီးဦးထွန်းတင့်၏ **တက္ကသိုလ်သင်ကြားကျက် မှတ်စုများ**
၁၈။ မောင်မောင်ညွန့် (မန်းတက္ကသိုလ်) ၏ **သုတရိပ်မြုံစာရဂုံ** (ဆောင်းပါးပေါင်းချုပ်) (အလင်းသစ်စာပေ)
၁၉။ **သင်ရိုးမြန်မာသင်ပုန်းကြီးမူသစ်** (သာသနာရေးဦးစီးဌာန)
မြန်မာသင်ပုန်းကြီးဆိုင်ရာ အခြားသော ပေမူကျမ်းများစွာ

ရှိသေးသော်လည်း စုံလင်အောင် မကိုးကားနိုင်သဖြင့် မဖော်ပြလိုက်တော့ပါ။ ဆက်လက်လေ့လာလိုသူများသည် အထက်ဖော်ပြပါ ကျမ်းများကိုသာ ရှာဖွေဖတ်ရှုကြပါရန် တိုက်တွန်းပါသည်။

❒